စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

Ministry of Planning and Finance

# မြန်မာနိုင်ငံကုမ္ပဏီများဥပဒေဆိုင်ရာ ဆောင်းပါးများ







ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

Directorate of Investment and Company Administration

# မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေဆိုင်ရာ ဆောင်းပါးများ


| စဉ် | ဆောင်းပါးခေါင်းစဉ် | စာမျက်နှာ |
|---|---|---|
| ၁။ | Transforming Myanmar's corporate landscape | ၁ |
| ၂။ | မြန်မာ့ကုမ္ပဏီဆိုင်ရာကဏ္ဍအတွက် ထိရောက်စွာ ပြုပြင်ပြောင်းလဲပေးမည့် ဥပဒေသစ် | ၅ |
| ၃။ | A New Law to Bring Major Reforms to Myanmar Corporate Sector | ၉ |
| ၄။ | ကုမ္ပဏီမှတ်ပုံတင်ခြင်းဖြင့် ရရှိနိုင်မည့် အခွင့်အရေးများဆိုင်ရာ သိကောင်းစရာများ | ၁၂ |
| ၅။ | အစုရှယ်ယာရှင်တစ်ဦးနှင့် ဒါရိုက်တာတစ်ဦးတည်းဖြင့် ဖွဲ့စည်းထားသောကုမ္ပဏီများအကြောင်း သိကောင်းစရာ | ၁၇ |
| ၆။ | ကုမ္ပဏီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့် ဥပဒေကြောင်းအရ အကျိုးသက်ရောက်မှုများ | ၂၁ |
| ၇။ | အများပိုင်ကုမ္ပဏီများနှင့် မြန်မာပြည် | ၂၆ |
| ၈။ | ဥပဒေအရ ဒါရိုက်တာများရဲ့တာဝန်များနှင့် ကောင်းမွန်တဲ့ ကော်ပိုရိတ်အုပ်ချုပ်မှုစနစ် | ၃၁ |
| ၉။ | မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ ကုမ္ပဏီများရဲ့ ယေဘုယျလိုအပ်ချက်များ | ၃၇ |

# Transforming Myanmar's corporate landscape

By Aung Naing Oo and Winfried Wicklein | Tuesday, 16 August 2016

**For more than a century Myanmar companies have been regulated by the colonial-era Myanmar Companies Act of 1914. The law shares similarities with company laws from other former British colonies such as Singapore, Malaysia and Hong Kong – yet while they have updated their laws to reflect the realities of modern businesses, the Myanmar Companies Act has remained largely frozen in time.**

Today, Myanmar is transforming rapidly into a democratic, market-based economy that is among the fastest-growing in the world. Change is sweeping the corporate sector. The Yangon Securities Exchange opened last year under the newly established Myanmar Securities Exchange Commission. The Financial Institutions Law passed by the Union parliament this year is helping modernise the banking sector. Separate foreign and Myanmar citizen investments laws are being merged to encourage greater investment.

With these developments, more domestic and international investors are gaining the confidence to set up businesses, which could contribute much needed funding, technology, knowledge and job opportunities to the economy.

To maintain momentum and further build investor confidence, however, a clear and stable legal framework for company affairs is important. A robust Companies Law can instil sound corporate practices that safeguard investors, creditors and other stakeholders in companies ranging from small businesses to large conglomerates.

For example, the reporting and disclosure requirements for companies usually imposed under the company law, if properly applied, would bring much-needed transparency and accountability to Myanmar companies' performance.

The current Companies Act provides a solid framework for corporate regulation, but it also contains many outdated requirements. Companies are required to seek presidential approval to change their names, and court approval to change business objectives. Directors' legal duties are not clearly set out and companies cannot easily alter their share capital to reflect business needs.

Sections of the law no longer in use have not been removed, creating uncertainty for users. The law also lacks proper sanctions and enforcement mechanisms to regulate corporate conduct. The penalties and fines specified in the law were last updated in 1989 and reflect prices from 25 years ago.

But change is coming. The Directorate of Investment and Company Administration (DICA), with assistance from the Asian Development Bank (ADB), has prepared a new Myanmar Companies Law.

The law will govern the registration, ownership, management and internal affairs of all companies in Myanmar, and reflect tried and tested reforms from the UK, Singapore, Malaysia, New Zealand, and Hong Kong.

The draft law, expected to be submitted to parliament for approval in the coming months, is designed to streamline company management and administration, strengthen governance and enforcement, and make Myanmar firms more competitive and attractive to investors.

Key reforms include the introduction of single-shareholder and single-director companies – meaning Myanmar's individual business owners will no longer have to find a partner to form a company. More flexible capital structures and changes to share capital will allow companies to raise or reduce capital with fewer procedural requirements.

Small and family-owned business will be the main beneficiaries of simpler company administration requirements, which will lower compliance costs. The law introduces written resolutions of directors and shareholders in place of meetings and now recognises electronic communication methods. Small

companies will no longer be required to hold annual general meetings or prepare audited annual financial statements, except in limited circumstances.

Corporate governance standards will be raised, which for public companies will help build confidence in the newly established Yangon Securities Exchange. The proposed law will also make it easier for Myanmar's public companies to attract new investment, technology and knowhow by permitting foreign investors to own shares. The government will be able to set a higher threshold for when a Myanmar company with foreign shareholders will be considered a foreign company.

All these changes are aimed at spurring entrepreneurship and greater business activity by providing the flexibility to form and manage companies based on market conditions. Lower compliance costs, particularly for small and family businesses, reflect the new government's priority of supporting small and medium enterprises, creating opportunities and jobs, and increasing transparency and the rule of law.

The new law will also supportthe much-needed reform of state-owned enterprises by providing a legal framework for corporatisation and improved corporate governance. This will be an important step toward enhancing the transparency and accountability of public administration.

Once approved, the law will be complemented by a new electronic companies registry containing all company documents filed with DICA.

While the Myanmar companies registry has come a long way in the past three years – it now takes one or two days and costs K500,000 (US$425) to register a local company, compared to six months and K50 million in 2011 – the government is striving to do even better.

The new electronic registry, to be established with ADB assistance, will provide an efficient and cost-effective way for companies to meet compulsory reporting requirements. Publically accessible online 24 hours a day, the registry will also promote unprecedented transparency.

These transformative changes will help Myanmar make rapid strides in improving its business environment in line with neighbouring countries. They will send an important message to local and international investors – the new Myanmar is now open for business.

---

*Aung Naing Oo is director general of the Directorate of Investment and Company Administration, the registrar of companies in Myanmar. Winfried Wicklein is the Asian Development Bank's country director in Myanmar.*

***** ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက် မြန်မာ့တိုင်းသတင်းစာတွင် ဖော်ပြပါရှိသော ဆောင်းပါး**

## မြန်မာ့ကုမ္ပဏီဆိုင်ရာကဏ္ဍအတွက် ထိရောက်စွာ ပြုပြင်ပြောင်းလဲပေးမည့် ဥပဒေသစ်

မောင်ဋ္ဌေကာ

မြန်မာနိုင်ငံဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုအားကောင်းလာစေဖို့ သိသာထင်ရှားတဲ့ စီးပွားရေးဆိုင်ရာ ဖြေလျှော့မှုတွေနဲ့ ပြုပြင်ပြောင်းလဲမှုတွေ တစိုက်မတ်မတ် ဆောင်ရွက်လျက် ရှိပါတယ်။ စီးပွားရေးဆိုင်ရာ ဖြေလျှော့မှုတွေ ဆောင်ရွက်ရာမှာ အထောက်အကူပြုစေမယ့် ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုကို ဆောင်ရွက်ဖို့လည်း အချိန်သင့်ပြီ ဖြစ်ပါတယ်။ ဒေသတွင်းမှာရှိတဲ့ ပတ်ဝန်းကျင်နိုင်ငံတွေမှာ ကုမ္ပဏီဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေ လုပ်ခဲ့ပြီးတဲ့နောက် သိသာထင်ရှားတဲ့ စီးပွားရေး တိုးတက်လာမှုတွေ ပေါ်ထွက်ခဲ့တာကိုလည်း တွေ့ခဲ့ရပြီးဖြစ်ပါတယ်။ အဲဒီလိုကုမ္ပဏီဥပဒေကို ပြုပြင်ပြောင်းလဲတဲ့အခါ ကုမ္ပဏီ လွယ်လွယ်ကူကူ ထူထောင်နိုင်ဖို့၊ အသေးစားနဲ့ အလတ်စားလုပ်ငန်းတွေအပေါ် သက်ရောက်နေတဲ့ ဥပဒေဆိုင်ရာ ဝန်ထုပ်ဝန်ပိုးတွေ လျှော့ချပေးဖို့၊ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု ပိုမိုအားကောင်း လာစေဖို့နဲ့ ကုမ္ပဏီရဲ့ ရှယ်ယာတွေကို စီမံခန့်ခွဲတဲ့အခါ ပြောင်းလွယ်ပြင်လွယ်ရှိစေဖို့ ဆောင်ရွက်ခဲ့ကြတာကို တွေ့ရပါတယ်။ ဒီလိုဆောင်ရွက်ချက်တွေထဲမှာ စီးပွားရေးလုပ်ငန်းတစ်ခု လွယ်လွယ်ကူကူစတင်ထူထောင် လုပ်ကိုင်နိုင်ဖို့၊ စွန့်စားတီထွင်လုပ်ကိုင်မှုတွေကို ထောက်ကူပေးဖို့နဲ့ ပုဂ္ဂလိကကဏ္ဍကို အားကောင်းမောင်းသန် ဖွံ့ဖြိုးတိုးတက်စေဖို့ ဦးတည်ဆောင်ရွက် ခဲ့တာကိုလည်း တွေ့ရှိရပါတယ်။

မြန်မာနိုင်ငံမှာ လက်ရှိကျင့်သုံးဆဲဖြစ်တဲ့ ၁၉၁၄ ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေဟာ သက်တမ်းရာကျော်ခဲ့ပြီဖြစ်ပါတယ်။ ဒီဥပဒေဟာ ဒေသတွင်းမှာရှိတဲ့ စင်ကာပူ၊ မလေးရှား၊ ဟောင်ကောင် စတဲ့နိုင်ငံတွေမှာ ကျင့်သုံးနေတဲ့ ကုမ္ပဏီဥပဒေများနဲ့ အခြေခံဝိသေသခြင်း တူညီမှုများစွာရှိတာ တွေ့ရပါတယ်။ သို့ပါသော်လည်း မြန်မာနိုင်ငံရဲ့ ဥပဒေမှာပါရှိတဲ့ ပြဋ္ဌာန်းချက်အချို့ဟာ ၁၉ ရာစုအချိန်က စီးပွားရေးဝန်းကျင်အတွက် ရေးဆွဲခဲ့တာဖြစ်လို့ များစွာခေတ်နောက်ကျနေပြီး ဝန်ထုပ်ဝန်ပိုးဖြစ်စေမယ့် ဥပဒေလိုလားချက်တွေ ပါရှိနေတာလည်း တွေ့ရပါတယ်။ ဒီလို လိုလားချက်တွေထဲမှာ ကုမ္ပဏီရဲ့ နာမည် ပြောင်းချင်ရင် သမ္မတထံက အတည်ပြုချက်ရယူရတာ၊ ကုမ္ပဏီရဲ့ လုပ်ငန်းရည်ရွယ်ချက် ပြောင်းချင်ရင် တရားရုံးရဲ့ အတည်ပြုချက် ရယူဖို့လိုအပ်တာ စတာတွေလည်း ပါဝင်နေပြန်ပါတယ်။

မြန်မာနိုင်ငံရဲ့ ကုမ္ပဏီအက်ဥပဒေနဲ့ ဆင်တူတဲ့ အခြားနိုင်ငံတွေကတော့ သူတို့ရဲ့ ကုမ္ပဏီဥပဒေများကို ခေတ်မီစီးပွားရေးလုပ်ငန်းများရဲ့ ပကတိအခြေအနေနဲ့ ကိုက်ညီအောင် နိုးနိုးကြားကြား ပြုပြင်ပြောင်းလဲ ထားခဲ့ကြပြီးဖြစ်ပါတယ်။ ကုမ္ပဏီဥပဒေများကို ထဲထဲဝင်ဝင်

ပြုပြင်ပြောင်းလဲမှုတွေဟာ ပြီးခဲ့တဲ့နှစ်အနည်း ငယ်ကတည်းက အရှိန်ရထားပြီး ဖြစ်ပါတယ်။ စင်ကာပူနိုင်ငံက ကုမ္ပဏီအက်ဥပဒေအသစ်ကို ၂၀၁၅ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့ပြီး ဟောင်ကောင်ကလည်း ကုမ္ပဏီဆိုင်ရာ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်ကို ၂၀၁၄ ခုနှစ်မှာ ထုတ်ပြန်ခဲ့တဲ့အပြင် မလေးရှားနိုင်ငံကလည်း လွန်ခဲ့တဲ့ လအနည်းငယ်အတွင်းက ကုမ္ပဏီအက်ဥပဒေသစ်ကို ထုတ်ပြန် ပြဋ္ဌာန်းခဲ့ပါတယ်။ ဒီဥပဒေသစ်တွေရဲ့ အဓိက ပြောင်းလဲချက်တွေဟာ ယူနိုက်တက်ကင်းဒမ်း၊ ဩစတြေးလျနဲ့ နယူးဇီလန်နိုင်ငံ အစရှိတဲ့ ဥပဒေကျောရိုး တူညီတဲ့နိုင်ငံတွေမှာ ကျင့်သုံးခဲ့တဲ့ စမ်းသပ်ကျင့်သုံးဆောင်ရွက်မှု အယူအဆအရ ဖြစ်ပေါ်လာခဲ့တဲ့ အတွေ့အကြုံနဲ့ ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေရဲ့ ရလဒ်တွေကို အခြေခံဆောင်ရွက်ထားကြကြောင်းလည်း တွေ့ရပါတယ်။

ထိုနည်းတူပါဘဲ မြန်မာနိုင်ငံအနေနဲ့လည်း ကုမ္ပဏီတွေရဲ့ ရင်းနှီးမြှုပ်နှံမှုတွေ နိုင်ငံစီးပွားရေးရဲ့ ကဏ္ဍစုံမှာ ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်စေဖို့ အလားတူ သိသာထင်ရှားတဲ့ ပြုပြင်ပြောင်းလဲမှုကို စတင်တော့မှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (မူကြမ်း) ကို နိုင်ငံတကာ အတွေ့အကြုံတွေအပြင် စင်ကာပူ၊ မလေးရှား၊ ဟောင်ကောင်စတဲ့ နိုင်ငံတွေမှာ ဆောင်ရွက်ခဲ့တဲ့ ကုမ္ပဏီဥပဒေ ပြုပြင်ပြောင်းလဲမှုရလဒ်တွေကို သုံးသပ်ပြီး ပြင်ဆင်ရေးဆွဲ ခဲ့တာဖြစ်ပါတယ်။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (မူကြမ်း)မှာ အောက်ပါ အဓိက ပြောင်းလဲမှု ပါဝင်လာမှာ ဖြစ်ပါတယ် -

(၁) ပုဂ္ဂလိက ကုမ္ပဏီများကို ဒါရိုက်တာတစ်ဦး၊ ရှယ်ယာပိုင်ရှင်တစ်ဦးနဲ့ ဖွဲ့စည်းတည်ထောင်ခွင့် ပြုမှာဖြစ်တဲ့အတွက် များစွာလွယ်ကူ ရှင်းလင်းသွားမှာ ဖြစ်ပါတယ်။

(၂) ကုမ္ပဏီအငယ်စားတွေအပေါ် နှစ်စဉ် နှစ်ပတ်လည်အစည်းအဝေး ကျင်းပရခြင်း၊ နှစ်စဉ် ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများ ပေးပို့ရခြင်းစတဲ့ လိုအပ်ချက်တွေ ဖယ်ရှားပေးသွားမှာ ဖြစ်ပါတယ်။

(၃) အစည်းအဝေး ကျင်းပခြင်းအစား ရှယ်ယာပိုင်ရှင်များနဲ့ ဒါရိုက်တာများ သဘောတူ လက်မှတ်ရေးထိုးထားတဲ့ စာနှင့်ရေးသားထားသော ဆုံးဖြတ်ချက်ကိုလည်း လက်ခံ ပေးသွား မှာဖြစ်ပါတယ်။

(၄) သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်း တင်ပြရခြင်း လိုအပ်ချက်ကိုလည်း ပယ်ဖျက်ပေးပြီး ကုမ္ပဏီရဲ့ ဖွဲ့စည်းပုံစည်းမျဉ်းကိုသာ တင်ပြဖို့ လိုအပ်တော့မှာဖြစ်ပါတယ်။

(၅) ကုမ္ပဏီတွေအနေနဲ့ မိမိတို့ရဲ့ ရှယ်ယာတိုးခြင်း၊ လျှော့ခြင်းဆိုင်ရာကိစ္စရပ်တွေကို လွယ်ကူလွတ်လပ်စွာ ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။

(၆) ကုမ္ပဏီတွေရဲ့ စီမံခန့်ခွဲမှုတွေဟာ နိုင်ငံတကာ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု စံနှုန်းတွေနဲ့ ကိုက်ညီ သွားအောင် ကုမ္ပဏီဒါရိုက်တာတွေရဲ့ ဥပဒေဆိုင်ရာ တာဝန်ဝတ္တရား တွေကိုလည်း ထည့်သွင်း ပြဋ္ဌာန်းသွားမှာ ဖြစ်ပါတယ်။

အဆိုပါ ပြုပြင်ပြောင်းလဲမှုတွေဟာ ကုမ္ပဏီတွေရဲ့ စီမံဆောင်ရွက်မှုနဲ့ ကော်ပိုရိတ်ဆိုင်ရာကိစ္စရပ်တွေကို ခေတ်နဲ့အညီ ဖြစ်ပေါ်ပြောင်းလဲစေမှာ ဖြစ်ပါတယ်။ ကုမ္ပဏီတွေဟာ ဥပဒေဆိုင်ရာ လိုအပ်ချက်တွေကို ရှင်းလင်းစွာ သိမြင်စေမှာဖြစ်ပြီး မိမိရဲ့ အခြေအနေပေါ်မူတည်ကာ ကုမ္ပဏီအတွင်း လွတ်လပ်စွာ ဆုံးဖြတ်ဆောင်ရွက်ခွင့်တွေ ရရှိသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကုမ္ပဏီတွေရဲ့ ပွင့်လင်းမြင်သာရှိမှု၊ ဒါရိုက်တာတွေရဲ့ တာဝန်ခံမှုနဲ့ ကုမ္ပဏီရဲ့ ရင်းနှီးမြှုပ်နှံသူတွေကို ပိုမိုထိရောက်စွာ အကာအကွယ်ပေးနိုင်မှုတွေကိုလည်း တိုးတက်ဖြစ်ပေါ်စေမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ ကုမ္ပဏီတွေအဖို့ ရှင်းလင်း ပြတ်သားမှုမရှိဘဲ ဝန်ထုပ်ဝန်ပိုး ဖြစ်နေခဲ့တဲ့ စည်းမျဉ်းစည်းကမ်းတွေကြောင့် ဥပဒေလိုက်နာကျင့်သုံးမှု အားနည်းခဲ့ရတဲ့အဖြစ်နဲ့ နှစ်ပေါင်းများစွာ ကြုံတွေ့နေရတာ ဖြစ်တဲ့အတွက် ဒီလို ပြုပြင်ပြောင်းလဲမှုတွေ လိုအပ်နေတာ ကြာခဲ့ပြီ ဖြစ်ပါတယ်။

**မြန်မာနိုင်ငံဟာ ကမ္ဘာ့ဘဏ်ရဲ့ စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ခြင်းနဲ့ ပတ်သက်ပြီး စိစစ်ချက်တွေဖြစ်တဲ့ ဘယ်လောက်လွယ်လွယ်ကူကူ ကုမ္ပဏီ ထောင်နိုင်တယ်၊ အငယ်စား ရှယ်ယာဝင်များကို ဘယ်လောက် အကာအကွယ်ပေးနိုင်တယ်၊ ပဋိဉာဉ်စာချုပ်တွေကို ဘယ်လို အသက်ဝင်အောင် လုပ်နိုင်တယ်စတဲ့ အဆင့်တိုင်းတာချက်မှာ အဆင့် ၁၆၇ မှာ ရှိနေ**

မြန်မာနိုင်ငံရဲ့ စီးပွားရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းတွေကို ခေတ်နဲ့အမီ လိုက်နိုင်ဖို့များစွာ လုပ်ဆောင်ရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာကမ္ဘာ့ဘဏ်ရဲ့ စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ခြင်းနဲ့ ပတ်သက်ပြီး စိစစ်ချက်တွေဖြစ်တဲ့ ဘယ်လောက်လွယ်လွယ်ကူကူ ကုမ္ပဏီ ထောင်နိုင်တယ်၊ အငယ်စားရှယ်ယာဝင် များကို ဘယ်လောက် အကာအကွယ် ပေးနိုင်တယ်၊ ပဋိဉာဉ် စာချုပ်တွေကို ဘယ်လို

အသက်ဝင်အောင် လုပ်နိုင်တယ်စတဲ့ အဆင့်တိုင်းတာချက်မှာ အဆင့် ၁၆၇ မှာ ရှိနေပါတယ်။ ကုမ္ပဏီဥပဒေအခြေခံချင်းတူညီကြတဲ့ ဒေသတွင်းနိုင်ငံတွေကို ပြန်ကြည့် လိုက်ရင် မလေးရှားအဆင့် ၁၆၊ ဟောင်ကောင်အဆင့် ၅၊ စင်္ကာပူအဆင့် ၁ စသည် ဖြင့် မိမိတို့ထက် အဆင့်မြင့်မားစွာ ရှိနေတာကိုလည်း တွေ့ရပြန်ပါတယ်။ ဒီရလဒ်တွေဟာ မြန်မာနိုင်ငံအတွက် အရေးကြီးတဲ့ သင်ခန်းစာတွေပဲ ဖြစ်ပါတယ်။ သုတေသနပြု လေ့လာချက်တွေအရ စီးပွားရေး လုပ်ဆောင်မှုအဆင့်သတ်မှတ်ချက် ကောင်းကောင်းရရှိမှုဟာ ကုမ္ပဏီထူထောင်မှု တိုးတက် များပြားလာခြင်းနဲ့ စီးပွားရေးတိုးတက်မှု အင်အားကောင်း မွန်လာခြင်းအပေါ်မှာ မူတည် တယ်လို့ လည်း တွေ့ရှိရပါတယ်။

ယခုရေးဆွဲထားပြီးဖြစ်တဲ့ ကုမ္ပဏီဥပဒေသစ်ဟာ အဆိုပါ အခြေအနေများကို ဖန်တီး နိုင်ဖို့ ကုမ္ပဏီမှတ်ပုံတင်ခြင်း၊ ကုမ္ပဏီအငယ်စားများအတွက် စည်းမျဉ်းစည်းကမ်းများ လျှော့ချပေးခြင်း၊ ကုမ္ပဏီရေးရာကိစ္စတွေမှာ လုပ်သာကိုင်သာရှိမှု ပိုကောင်းအောင် ဆောင် ရွက်ပေးထားခြင်းနဲ့ စည်းမျဉ်းစည်းကမ်း လိုက်နာမှု တိုးတက်စေခြင်းတို့နဲ့ အထောက်အကူ ပြုထားတာဘဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေသစ်ဟာ မြန်မာနိုင်ငံကို ကုမ္ပဏီ များ စီမံခန့်ခွဲမှုနဲ့ စည်းမျဉ်းစည်းကမ်းဆိုင်ရာ ကဏ္ဍသစ်နဲ့အတူ ၂၁ ရာစုရဲ့ ခေတ်မီစီးပွားရေး ဝန်းကျင် တစ်ရပ်ဆီသို့ မကြာမီ စတင်ခေါ်ဆောင်သွားတော့မှာဖြစ်ပါတယ်။

***** ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၆ ရက် (အင်္ဂါနေ့) မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၆ တွင် ဖော်ပြပါရှိသော ဆောင်းပါး**

## A New Law to Bring Major Reforms to Myanmar Corporate Sector

Myanmar is undergoing significant economic liberalization and reforms designed to promote economic growth and investment. Now is also the time to undertake the legal reforms required to support economic liberalization – reforms in regulation of companies that have occurred in many neighboring countries in our region undergoing significant economic growth. These reforms in company law include simpler company formation, reducing compliance burden on SMEs, improving corporate governance, and more flexible share capital management for companies. They aim to make it easier to start and conduct business, support entrepreneurship and the development of a strong and vibrant private sector.

The Myanmar Companies Act 1914 has been governing company activities in Myanmar for over a hundred years. The current law contains many fundamental principles of company law that are found in other countries in the region such as Singapore, Malaysia, Hong Kong. However, it also contains many outdated and burdensome requirements designed for the 19$^{th}$ century business environment. These requirements include requiring companies to seek the approval of the President to change the company name and the approval of the Courts to change the business activity of a company

Other countries with similar laws to the Myanmar Companies Act have been actively reforming their company laws to better fit with modern business realities. Major overhaul of company laws have gained momentum in the last few years. Singapore introduced a new Companies Act in 2015, Hong Kong introduced a new Companies Ordinance in 2014 and Malaysia has most recently passed its new Companies Act this year. The main changes in these laws are all drawn from experiences and reforms in jurisdictions that share a similar company law framework — such as the United Kingdom, Australia and New Zealand — and are based on "tried and tested" concepts.

Similarly, Myanmar will now introduce some of these major reforms as it seeks to encourage investment by companies in many sectors of the economy. A draft Myanmar Companies Law has now been prepared which draws on all of the international experiences and reforms in companies laws from Singapore, Malaysia and Hong Kong. The major reforms in the draft Myanmar Companies Law include the following:

1. Easier incorporation for private companies which will be allowed to have a single director and single shareholder.
2. Removing requirement for annual general meetings and annual financial statements for small private companies.
3. Allowing written resolutions of shareholders and directors so that companies will no longer be required to hold physical meetings.
4. Removing the requirement for companies to have memoranda and articles of association and allowing a company to adopt a "constitution" with tailored rules for itself and its members.
5. Allowing companies to manage their share capital more flexibly by increasing or reducing share capital with fewer requirements.
6. Setting out legal duties of company directors to ensure that management of companies is line with international corporate governance standards.

These major changes will modernize the management of companies and bring many improvements to the corporate sector. Companies will be able to operate in accordance with clear requirements in the law and enjoy greater freedom to conduct their internal affairs based on the company's situation. It will improve the transparency of companies, increase the accountability of directors and better protect investors in companies. All of these changes are long overdue for companies in Myanmar which have faced years of unclear and burdensome regulation, resulting in poor compliance with the law.

Myanmar has a lot of catching up to do in business regulation. The country currently ranks 167th under the World Bank Doing Business rankings which measures how easy it is to set up a company, and regulations for doing business such as protecting minority shareholders and enforcing contracts. Its neighbours which share the same company law heritage rank much higher - Malaysia ranks 16th, Hong Kong ranks 5th and Singapore ranks 1st. These results hold important lessons for Myanmar. Research studies have shown that greater ease of doing business (high rankings) is related to increased company formation and strong economic growth.

The proposed new Myanmar Companies Law aims to address these issues by supporting company registrations, lowering regulations for small companies, allowing greater flexibility in company affairs, and improving regulation. It will start a new era of company management and regulation in Myanmar and build a modern business environment for the 21st century.

**The DICAN**

*****  ၂၀၁၆ ခုနှစ်၊ စက်တင်ဘာ ၆ ရက် The Global New Light of Myanmar သတင်းစာ စာမျက်နှာ ၉ တွင် ဖော်ပြပါရှိသော ဆောင်းပါး**

## ကုမ္ပဏီမှတ်ပုံတင်ခြင်းဖြင့် ရရှိနိုင်မည့် အခွင့်အရေးများဆိုင်ရာ သိကောင်းစရာများ

မောင်ဦးကာ

မြန်မာနိုင်ငံတွင် ကုမ္ပဏီဖွဲ့စည်းတည်ထောင်ရာမှာ သွက်လက်မြန်ဆန်စွာ မှတ်ပုံတင်နိုင်ရေးအတွက် ဖြေလျှော့မှုများကို ၂၀၁၁ ခုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့ရာ စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများရဲ့ အစိတ်အပိုင်းတစ်ခုအဖြစ် ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ကုမ္ပဏီတည်ထောင်လိုတဲ့ စီးပွားရေးလုပ်ငန်းများအနေနဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှာ မှတ်ပုံတင်ရမှာဖြစ်ပါတယ်။ မှတ်ပုံတင်ရာတွင်လည်း (၂)ရက်သာကြာမြင့်ပြီး မှတ်ပုံတင်ကြေးမှာလည်း ကျပ်ငါးသိန်းသာ ကုန်ကျတော့မှာပဲဖြစ်ပါတယ်။ ယခုအခါ ကုမ္ပဏီများ မှတ်ပုံတင်ခြင်းကို ရန်ကုန်မြို့တွင်သာမက ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနရဲ့ တိုင်းဒေသကြီး/ ပြည်နယ်ရုံးခွဲများဖြစ်တဲ့ မန္တလေး၊ နေပြည်တော်၊ မော်လမြိုင်၊ တောင်ကြီး၊ မုံရွာ၊ ထားဝယ်နှင့် ပုသိမ်မြို့တို့မှာလည်း မှတ်ပုံတင်နိုင်ပါတယ်။ ယခုစက်တင်ဘာလ အတွင်းမှာလည်း ကရင်ပြည်နယ် ဘားအံမြို့မှာ ရုံးခွဲထပ်မံ ဖွင့်လှစ်တော့မှာပဲ ဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းရှင်များအနေနဲ့ ကုမ္ပဏီမှတ်ပုံတင်ခြင်း လုပ်ငန်းများကို လွယ်ကူစွာ ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့ကြီးတွေမှာ ရုံးခွဲတွေ ဖွင့်လှစ်ရေးစီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၆-၂၀၁၇ နဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အတွင်းမှာပင်ကျန်ရှိနေသေးတဲ့ ပြည်နယ်နှင့်တိုင်းဒေသကြီး ရုံးခွဲများကို ဆက်လက်ဖွင့်လှစ် သွားမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ(၁၉၁၄)အရ မှတ်ပုံတင်ကုမ္ပဏီအမျိုးအစားခွဲခြားသတ်မှတ်ထားမှုသည် ဗြိတိသျှကုမ္ပဏီဥပဒေမူဘောင်ကို အသုံးပြုနေတဲ့ နိုင်ငံများဖြစ်တဲ့ စင်ကာပူ၊ မလေးရှား၊ အိန္ဒိယ၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့မှ ဥပဒေများကဲ့သို့ပင် ပြဋ္ဌာန်းထားခြင်းဖြစ်ကြောင်း တွေ့ရှိနိုင်ပါတယ်။ ယင်းသို့ ခွဲခြားသတ်မှတ်မှုဟာဆိုရင် စီးပွားရေးလုပ်ငန်းများအတွက် ပြောင်းလွယ် ပြင်လွယ်နိုင်မှု အရှိဆုံးဖြစ်စေတဲ့အတွက် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ အသစ်ပြန်လည် ရေးဆွဲလျက်ရှိတဲ့ မြန်မာကုမ္ပဏီများ ဥပဒေမှာလဲ လက်ရှိသတ်မှတ်ထားတဲ့ ကုမ္ပဏီအမျိုးအစားများအတိုင်း ဆက်လက်ပြီးသတ်မှတ်သွားမှာပဲ ဖြစ်ပါတယ်။

### ကုမ္ပဏီတည်ထောင်ခြင်း၏အကျိုးကျေးဇူးများ

မှတ်ပုံတင်ထားတဲ့ ကုမ္ပဏီတစ်ခုဟာဆိုရင် ဥပဒေဆိုင်ရာ တရားစွဲဆိုခွင့်နှင့် တရားစွဲဆိုပိုင်ခွင့်ရှိတဲ့ အဖွဲ့အစည်းတစ်ခုပဲ ဖြစ်ပါတယ်။ မှတ်ပုံတင်ထားတဲ့ကုမ္ပဏီဟာ သက်ဆိုင်

ရာဥပဒေနှင့်အညီ စာချုပ်ချုပ်ဆိုခွင့်၊ ငွေချေးယူခွင့်၊ ပိုင်ဆိုင်ခွင့်၊ ဥပဒေနှင့်အညီ တရားစွဲဆိုပိုင်ခွင့်နှင့် ခုခံကာကွယ်ခွင့်စတဲ့ အခွင့်အရေးများကိုလည်း ခံစားနိုင်မှာ ဖြစ်ပါ တယ်။ ဒါ့ပြင် ကုမ္ပဏီတစ်ခုဟာ ကုမ္ပဏီ၏အဖွဲ့ဝင်များ သို့မဟုတ် အစုရှယ်ယာရှင်များ သို့မဟုတ် ဒါရိုက်တာများနှင့် မန်နေဂျာများစတဲ့ လူပုဂ္ဂိုလ်များနှင့် သီးခြားစီရပ်တည်ပါတယ်။ ကုမ္ပဏီမှ ဒါရိုက်တာများ အငြိမ်းစားယူခြင်း သို့မဟုတ် အစုရှယ်ယာရှင်များ ကွယ်လွန်ခြင်းတို့ရှိသော်လည်း ကုမ္ပဏီဖျက်သိမ်းခြင်းမပြုသမျှ ကာလပတ်လုံး ကုမ္ပဏီတစ်ခုအဖြစ် ရပ်တည်နိုင်မှာ ဖြစ်ပါတယ်။

မှတ်ပုံတင်ကုမ္ပဏီများနှင့် ဒါရိုက်တာအဖွဲ့ဝင်များဟာ မြန်မာကုမ္ပဏီများအက်ဥပဒေ (၁၉၁၄)အရ သတ်မှတ်ထားသည့် ဥပဒေဆိုင်ရာတာဝန်များဖြစ်တဲ့ ဘဏ္ဍာရေးစာရင်းများ ပြင်ဆင် ဆောင်ရွက်ခြင်းနှင့် ကုမ္ပဏီရဲ့စီမံခန့်ခွဲအုပ်ချုပ်မှုဆိုင်ရာ သတင်းအချက်အလက်များကို ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနသို့ တင်ပြရခြင်းစတဲ့ တာဝန်များကိုလည်း လိုက်နာရမှာဖြစ်ပြီး တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုရှိစေရေး ဆောင်ရွက်ရပါတယ်။

လုပ်ငန်းမှာ ဘဏ္ဍာရေးဆိုင်ရာ အခက်အခဲဖြစ်ပါက ရင်းနှီးမြှုပ်နှံငွေကို ရှာဖွေရာမှာ ကုမ္ပဏီအဖြစ် မှတ်ပုံတင်ထားတဲ့အတွက်လည်း ပိုမိုလွယ်ကူစေပါတယ်။ ဘာလို့လဲဆိုတော့ ရင်းနှီးမြှုပ်နှံသူတွေအတွက် အစုရှယ်ယာဝယ်ယူခြင်းဆိုတာ လုပ်ငန်းအတွက် ငွေကြေးထည့်ဝင်ခြင်း သို့မဟုတ် ထည့်ဝင်ရန် သဘောတူခြင်းသာဖြစ်တဲ့အတွက် ကုမ္ပဏီမှာ ရင်းနှီးငွေလိုအပ်တဲ့အခါမှာ ထပ်မံထည့်ဝင်ရန် ဥပဒေအရ တာဝန်သတ်မှတ်ထားခြင်း မရှိတဲ့အတွက်ကြောင့်လည်း ဖြစ်ပါတယ်။ ဒါ့အပြင် ကုမ္ပဏီအဖြစ်မှတ်ပုံတင် ထားမယ်ဆိုရင် ဝန်ကြီးဌာနများနှင့်လုပ်ငန်းဌာနများမှထုတ်ပေးတဲ့ လိုင်စင်များနဲ့ ခွင့်ပြုမိန့်များကို လျှောက်ထားရာမှာလည်း လွယ်ကူမှု ရှိစေပါတယ်။

**အများနှင့် မသက်ဆိုင်သော ကုမ္ပဏီ**

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနမှာ မှတ်ပုံတင်ထားတဲ့ ကုမ္ပဏီအရေ အတွက်မှာ ၄၉,၀၀၀ ကျော် ရှိပါတယ်။ ကုမ္ပဏီအများစုဟာ အများနှင့် မသက်ဆိုင်သော ကုမ္ပဏီများဖြစ်ပြီး အစုရှယ်ယာများဖြင့် ပေးရန်တာဝန်ကို ကန့်သတ်ထားလေ့ရှိကြပါတယ်။ အများနှင့် မသက်ဆိုင်သော ကုမ္ပဏီအဖြစ် မှတ်ပုံတင်ခြင်းအတွက် ရရှိမယ့် အကျိုးကျေးဇူးမှာ ကုမ္ပဏီရဲ့ ပေးရန်တာဝန်ကို ကန့်သတ်နိုင်ခြင်းပင် ဖြစ်ပါတယ်။ ဒါရိုက်တာတဦးချင်းစီရဲ့ ပေးရန်တာဝန်ကို ကန့်သတ်နိုင်ပြီး၊ ကုမ္ပဏီရဲ့ ပေးရန်တာဝန်အားလုံးကို ကုမ္ပဏီပိုင်ရှင်မှ တာဝန်ယူရန် မလိုအပ်ပါဘူး။ ကုမ္ပဏီရဲ့ Own Equity နဲ့

ညီမျှတဲ့ ပေးရန်တာဝန်ကိုသာ ပြန်လည်ပေးဆပ်ရန် တာဝန်ရှိခြင်းဖြစ်ပါတယ်။ ဆိုလိုရင်းမှာ အစုရှယ်ယာပိုင်ရှင်များရဲ့ ဘဏ္ဍာရေးဆိုင်ရာ ပေးဆပ်ရန်တာဝန်ကို ယင်းဒါရိုက်တာများ ထည့်ဝင်ထားသည့် အစုရှယ်ယာနဲ့ညီမျှသည့်ပမာဏကိုသာ ပေးရန်တာဝန်အဖြစ် သတ်မှတ်ပေးခြင်း ဖြစ်ပါတယ်။

အများနှင့် မသက်ဆိုင်သောကုမ္ပဏီများသည် အများအားဖြင့် လုပ်ငန်းကြီးများနှင့် ချိတ်ဆက်၍ အထောက်အပံ့ပြုပေးလျှက်ရှိသည့် မိသားစုပိုင်လုပ်ငန်းငယ်များ အဖြစ်ရပ်တည်ကြခြင်း ဖြစ်ပါတယ်။ အများနှင့်မသက်ဆိုင်သောကုမ္ပဏီများဟာ ၎င်းတို့ရဲ့ အစုရှယ်ယာများကို အများပြည်သူသို့ ရောင်းချခြင်း မပြုလုပ်နိုင်ပါဘူး။ အများအားဖြင့် အများနှင့် မသက်ဆိုင်သောကုမ္ပဏီများဟာ အသေးစားနှင့် အလတ်စားလုပ်ငန်းများသာ ဖြစ်လေ့ရှိပါတယ်။

လက်ရှိမြန်မာနိုင်ငံမှာ အများနှင့်မသက်ဆိုင်သောကုမ္ပဏီများကို နိုင်ငံခြားကုမ္ပဏီနှင့် မြန်မာ ကုမ္ပဏီဟူ၍ အမျိုးအစား(၂)မျိုး ခွဲခြားနိုင်ပါတယ်။ နိုင်ငံခြားကုမ္ပဏီဆိုသည်မှာ နိုင်ငံခြား ကော်ပိုရေးရှင်း သို့မဟုတ် နိုင်ငံခြားသားတစ်ဦးဦးတို့မှ အနည်းဆုံး ရှယ်ယာ တစ်စု ပိုင်ဆိုင် ထားတဲ့ ကုမ္ပဏီကို ဆိုလိုခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ (၁၉၁၄)မှာ ဖော်ပြထားပါတယ်။ မြန်မာကုမ္ပဏီ ဆိုသည်မှာ နိုင်ငံခြားကုမ္ပဏီ မဟုတ်သည့် ကုမ္ပဏီကို ဆိုလိုခြင်းဖြစ်ပါတယ်။ သို့ဖြစ်၍ နိုင်ငံခြားသားပိုင် ရှယ်ယာတစ်စုပါဝင်သည့် ကုမ္ပဏီကို နိုင်ငံခြားကုမ္ပဏီအဖြစ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ပေးခြင်း ဖြစ်ပါတယ်။

ယခုအသစ်ရေးဆွဲလျှက်ရှိတဲ့ မြန်မာကုမ္ပဏီများဥပဒေတွင်မူ ယင်းသတ်မှတ်ချက်ကို ပြောင်းလဲ ပေးထားပါတယ်။ ဥပဒေအသစ်တွင် ပြည်တွင်းကုမ္ပဏီ၌ နိုင်ငံခြားသားပိုင် ရှယ်ယာများ ပါဝင်နိုင်တဲ့ အတိုင်းအတာကို အစိုးရကသတ်မှတ်နိုင်ခြင်းဆိုတဲ့အချက်ကို ထည့်သွင်းထားပါတယ်။ ယင်းသို့ခွင့်ပြု ပေးခြင်းအားဖြင့် ပြည်တွင်းကုမ္ပဏီများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံခြားငွေ အရင်းအနှီး၊ ကျွမ်းကျင်မှု နှင့် အတွေ့အကြုံဗဟုသုတ စသည်များ ရရှိစေနိုင်မှာ ဖြစ်ပါတယ်။

**အများနှင့်သက်ဆိုင်သောကုမ္ပဏီ (Public Companies)**

အများပြည်သူများသို့ အစုရှယ်ယာများရောင်းချရန် ရည်ရွယ်ထားသည့်လုပ်ငန်းကြီးများဟာဆိုရင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အဖြစ် ရပ်တည်ခြင်းနဲ့ ပိုမိုသင့်လျော်မှု ရှိပါတယ်။ အများပိုင်ကုမ္ပဏီများဟာ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရန်အလို့ငှာ ကုမ္ပဏီရဲ့ အစုရှယ်ယာများ၊ ချေးငွေ သက်သေခံလက်မှတ်များကို အများပြည်သူသို့ ရောင်းချ

ခွင့်ရှိပြီး၊ Yangon Securities Exchange မှာ စာရင်းဝင်ကုမ္ပဏီ(Listed Company) ဖြစ်စေရေး အတွက်လည်း ဆောင်ရွက်ရမှာပဲ ဖြစ်ပါတယ်။

ကုမ္ပဏီရဲ့ အစုရှယ်ယာများကို ဈေးကွက်အတွင်း ရောင်းချခြင်းဟာ ဒါရိုက်တာများရဲ့ တာဝန် များကို တိုးမြှင့်လိုက်ခြင်းပဲ ဖြစ်ပါတယ်။ မြန်မာကုမ္ပဏီများအက်ဥပဒေ(၁၉၁၄)မှာ အများပိုင် ကုမ္ပဏီများဟာ ငွေချေးသက်သေခံလက်မှတ် လဲလှယ်ရောင်းဝယ်ရေး ဥပဒေကို လိုက်နာရပြီး အများပိုင်ကုမ္ပဏီအဖြစ် Listing ပြုလုပ်လျှက် ဈေးငွေသက်သေခံ လက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ကြီးကြပ်မှုကော်မရှင်မှ ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများကိုလည်း လိုက်နာရန်လိုအပ်ပါတယ်။

အများပိုင်ကုမ္ပဏီများကို စည်းကြပ်ထားတဲ့ စည်းမျဉ်းစည်းကမ်းများဟာဆိုရင် အများနှင့် မသက်ဆိုင်သည့် ကုမ္ပဏီများထက် ပိုမိုတင်းကြပ်ပြီး၊ အထူးသဖြင့် ဒါရိုက်တာဆိုင်ရာစည်းကမ်းများ၊ ဘဏ္ဍာရေးဆိုင်ရာ စာရင်းဇယားလိုအပ်ချက်များ၊ အစီရင်ခံစာတင်သွင်းမှုများနဲ့စပ်လျဉ်းတဲ့ စည်းမျဉ်းများ ပိုမိုပါဝင်လာပါတယ်။ ဥပမာအားဖြင့် အများပိုင်ကုမ္ပဏီတစ်ခုဟာ ပိုင်ဆိုင်သည့် ရပိုင်ခွင့်များ ရောင်းချခြင်း ၊ လုပ်ငန်းဆောင်ရွက်မှုများ၊ ဒါရိုက်တာများ၏ ကြွေးမြီတစ်စုံတစ်ရာအတွက် ပေးဆပ်မှုများအားလုံးကို ကုမ္ပဏီအစုရှယ်ယာရှင်များရဲ့ သဘောတူညီချက်အရသာ ဆောင်ရွက်နိုင်မှာပဲ ဖြစ်ပါတယ်။

**အာမခံခြင်းအားဖြင့်ကန့်သတ်ထားသော ကုမ္ပဏီများ**

အာမခံခြင်းအားဖြင့်ကန့်သတ်ထားသော ကုမ္ပဏီများသည် အစုရှယ်ယာဖြင့်ကန့်သတ်ထားတဲ့ အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီများနဲ့ ဆင်တူသော်လည်း အစုရှယ်ယာထည့်ဝင်ရန် မလိုအပ်ပါဘူး။ အကယ်၍ ကုမ္ပဏီကို စာရင်းရှင်းလင်း ဖျက်သိမ်းရာမှာ ပေးရန်တာဝန်ရှိသော ကြွေးမြီများ ပြေကြေစွာ ပေးချေနိုင်မှုမရှိပါက ကုမ္ပဏီတွင် ပါဝင်သူများအနေနဲ့ ကန့်သတ်ထားတဲ့ ပမာဏတစ်ခု ထပ်မံထည့်ဝင်ရန် အာမခံရမှာဖြစ်ပါတယ်။

ပရဟိတ အဖွဲ့အစည်းများ၊ ကလပ်များ၊ အသင်းအဖွဲ့များနှင့် အချို့သော သမဝါ ယမအဖွဲ့ အစည်းများကို ပေးရန်တာဝန် ကန့်သတ်ရန် တာဝန်ရှိသော ကုမ္ပဏီများအဖြစ် တွင်ကျယ်စွာ ဖွဲ့စည်း ထားကြပါတယ်။ ၎င်းကုမ္ပဏီအများစုဟာ အကျိုးအမြတ်မယူသည့် အသင်းအဖွဲ့ (Non-profit Association) များ ဖြစ်ကြပြီး ရရှိလာသော အကျိုးအမြတ် တစ်စုံတစ်ရာကို ခွဲဝေခြင်းမပြုဘဲ အဖွဲ့အစည်းရဲ့လုပ်ငန်း ဆောင်ရွက်ချက်များ ပိုမိုတိုးတက်မြင့်မားစေရန်အတွက် ပြန်လည်အသုံးပြုရပါတယ်။

**တာဝန်ကန့်သတ်မထားသော ကုမ္ပဏီများ**

ကုမ္ပဏီ၏ ကြွေးမြီများအတွက် ပေးရန်တာဝန်ကို တာဝန်ကန့်သတ်မထားသော အများနှင့် မသက်ဆိုင်သော ကုမ္ပဏီအဖြစ်လည်း ဖွဲ့စည်းမှတ်ပုံတင်နိုင်ပါတယ်။ အကယ်၍ ကုမ္ပဏီမှ ပေးရန်ရှိတဲ့ ကြွေးမြီအတွက် လိုအပ်ပါက အစုရှယ်ယာရှင် တစ်ဦးစီအနေဖြင့် ၎င်းတို့ထည့်ဝင်ထားတဲ့ အစုရှယ်ယာအပေါ်မှာ သတ်မှတ်ထားတဲ့ပမာဏအတိုင်း ထပ်မံ ထည့်ဝင်ရပါတယ်။ အများအားဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံများမှာ တွေ့ရှိရလေ့ရှိပါတယ်။

အထက်ပါကုမ္ပဏီအမျိုးအစားများမှာ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ(၁၉၁၄) အရ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖွဲ့စည်းထားသော ကုမ္ပဏီအမျိုးအစားများဖြစ်ပြီး၊ မကြာမီကာလတွင် ပြဋ္ဌာန်းမည့် မြန်မာကုမ္ပဏီများဥပဒေအသစ်တွင်လည်း ထည့်သွင်း ပြဋ္ဌာန်းထားပါတယ်။ မြန်မာကုမ္ပဏီများဥပဒေအသစ်ဟာ မြန်မာနိုင်ငံမှာ ကုမ္ပဏီများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စွန့်ဦးတီထွင်မှုကို အားပေးခြင်း၊ အသေးစားလုပ်ငန်း များကို ပံ့ပိုးခြင်းဖြင့် ခိုင်မာသည့် စီးပွားရေးအဖွဲ့အစည်းများ ဖြစ်လာစေခြင်း၊ ကုမ္ပဏီဆိုင်ရာ ကိစ္စရပ်များကို ပြောင်းလွယ်ပြင်လွယ်ဆောင်ရွက်နိုင်စေရန် ခွင့်ပြုပေးထားခြင်း၊ ရှင်းလင်း လွယ်ကူသည့် စည်းမျဉ်းစည်းကမ်းများ ဥပဒေများဖြင့် ရေးဆွဲထားခြင်းစတဲ့ အချက်များ အတိုင်း ရေးဆွဲထားခြင်းဖြစ်ပါတယ်။ အဆိုပါဥပဒေဟာဆိုရင်ဖြင့် မြန်မာနိုင်ငံရဲ့အနာဂတ်မှာ ခိုင်မာပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ ပုဂ္ဂလိကကဏ္ဍပေါ်ပေါ်ထွန်းလာစေမယ့် အခြေခံကောင်း တစ်ခုပဲ ဖြစ်ပါ တော့တယ်။

***** ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက် ကြေးမုံသတင်းစာ စာမျက်နှာ ၂၁ တွင် ဖော်ပြပါရှိသော ဆောင်းပါး**

# အစုရှယ်ယာရှင်တစ်ဦးနှင့် ဒါရိုက်တာတစ်ဦးတည်းဖြင့် ဖွဲ့စည်းထားသော ကုမ္ပဏီများအကြောင်း သိကောင်းစရာ

မောင်ငြိမ်းကာ

လက်ရှိမြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ကိုင်သူတစ်ဦးဟာ ကုမ္ပဏီတည်ထောင်ပြီး စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်လိုပါက ပူးပေါင်းလုပ်ဆောင်မည့်ပုဂ္ဂိုလ် အနည်းဆုံး(၁)ဦးရှိမှသာ ကုမ္ပဏီ တည်ထောင်နိုင်မှာ ဖြစ်ပါတယ်။ လက်တွေ့မှာတော့ ပေးရန်တာဝန်ကန့်သတ်ထားတဲ့ ကုမ္ပဏီ တစ်ခုအတွက် အဲ့ဒီသတ်မှတ်ချက်ဟာ စီးပွားရေးလုပ်ကိုင်သူများကို အခက်အခဲဖြစ်စေပြီး၊ ကုန်ကျစရိတ် များလည်း ဖြစ်ပေါ် စေပါတယ်။ ဒီလိုအပ်ချက်ဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၀၀ ကျော်ကပြဋ္ဌာန်းခဲ့တဲ့ မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ (၁၉၁၄) အရပြဋ္ဌာန်းခဲ့တဲ့ လိုအပ်ချက်ဖြစ်ပြီး လက်ရှိနိုင်ငံတကာမှာ ကျင့်သုံးနေတဲ့ အခြေအနေများနဲ့တော့ အတော်လေးကွာဟနေပြီဖြစ်ပါတယ်။

လက်ရှိမှာတော့ စီးပွားရေးလုပ်ကိုင်သူများဟာ လူပုဂ္ဂိုလ်တစ်ဦးတည်းရဲ့ ပိုင်ဆိုင်မှုနဲ့ တစ်ဦးတည်းပိုင်လုပ်ငန်းကို တည်ထောင်လုပ်ကိုင်လိုကြပါတယ်။ ဒါပေမယ့် တစ်ဦးတည်း ပိုင်လုပ်ငန်းများကို တရားစွဲဆိုပိုင်ခွင့်နှင့် တရားစွဲပိုင်ခွင့်ရှိတဲ့အဖွဲ့အစည်းအဖြစ် ဥပဒေအရ အသိအမှတ်မပြုပါဘူး။ တစ်ဦးတည်းပိုင်လုပ်ငန်းများဟာ ကုမ္ပဏီများရရှိတဲ့ အခွင့်အရေးများဖြစ်တဲ့ ပေးရန်တာဝန် ကန့်သတ်နိုင်ခြင်း၊ ဥပဒေကြောင်းအရ သီးခြားစွာရပ်တည်နိုင်ခြင်း၊ ရှယ်ယာလွှဲပြောင်းနိုင်ခြင်းအစရှိတဲ့ အချက်များကိုတော့ ရရှိနိုင်မှာ မဟုတ်ပါဘူး။ နိုင်ငံတကာရဲ့ စီးပွားရေးလေ့လာသုံးသပ်မှု အစီရင်ခံစာများအရ စီးပွားရေးလုပ်ငန်းများတည်ထောင်နိုင်မှု တိုးတက်လာခြင်းဟာ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့နှင့် အခိုင်အမာဆက်စပ် လျက်ရှိကြောင်း တွေ့ရှိရပါတယ်။ စွန့်ဦး တီထွင်မှုကို ပံ့ပိုးပေးခြင်းအားဖြင့် စီးပွားရေးလုပ်ငန်းများ ပိုမိုပေါ်ပေါက်လာစေရန် အားပေး နိုင်ပြီး မြန်မာနိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ နိုင်ငံသားများအတွက် အလုပ်အကိုင် ဖန်တီးပေးနိုင်မှုကို များစွာအထောက်အပံ့ပြုမှု ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ဥပဒေဆိုင်ရာ မူဘောင်များကို ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးနဲ့ စွန့်ဦးတီထွင်လုပ်ငန်းများကို အထောက်အပံ့ပြုပေးနိုင်သည့် ဥပဒေမူဘောင် ဖြစ်စေရေး ပြုပြင်ပြောင်းလဲ ပေးရမှာဖြစ်ပါတယ်။ ယင်းအချက်ကြောင့်လည်း ယခု မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကို အသစ်ပြင်ဆင်ရေးဆွဲရခြင်းဖြစ်ပြီး ဥပဒေအသစ်မှာ စွန့်ဦးတီထွင် လုပ်ငန်းရှင်များအနေနဲ့ လုပ်ငန်းငယ်များကို ကိုယ်ပိုင်တည်ထောင်ပြီး လုပ်ကိုင်နိုင်ဖို့၊ စီမံခန့်ခွဲနိုင်ဖို့နဲ့ ဖျက်သိမ်း နိုင်ဖို့တို့ကို

ခွင့်ပြုပေးထားပါတယ်။ ကမ္ဘာ့နိုင်ငံများရှိ ကုမ္ပဏီဥပဒေများရဲ့ အရေးကြီးဆုံး အနှစ်သာရမှာ ကုမ္ပဏီများ တိုးမြှင့်ဖွဲ့စည်းပေးနိုင်ရေးပဲ ဖြစ်ပါတယ်။ ယခုဥပဒေအသစ်မှာ ကုမ္ပဏီမှတ်ပုံတင်ခြင်း၊ ကုမ္ပဏီရေးရာကိစ္စရပ်များကို စီမံခန့်ခွဲခြင်း၊ ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံစာများ တင်သွင်းခြင်းနဲ့ စာရင်းစစ်ဆေးမှု လိုအပ်ချက်များ၊ အစုရှယ်ယာဆိုင်ရာ ကိစ္စရပ်များ၊ ဥပဒေအရ ဒါရိုက်တာများ၏ တာဝန်များ၊ ကုမ္ပဏီဖျက်သိမ်းခြင်း အစရှိတဲ့အချက်များနဲ့ စပ်လျဉ်းတဲ့ ဥပဒေပုဒ်မများကို ထည့်သွင်း ရေးဆွဲထားပါတယ်။ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအသစ်ကို နိုင်ငံတကာ စံနှုန်းများနှင့်အညီ ရေးဆွဲထားခြင်း ဖြစ်တဲ့အတွက် မြန်မာနိုင်ငံ၏စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထူးခြားတဲ့ အပြောင်းအလဲတစ်ခုကို ဖြစ်ပေါ်နိုင်စေမှာ ဖြစ်ပါတယ်။ ကုမ္ပဏီ တစ်ခုစတင် တည်ထောင်ရာမှာ လွယ်ကူမှုရှိစေဖို့၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ကုမ္ပဏီများအတွက် ထိရောက်တဲ့ ဥပဒေမူဘောင်ဖြစ် စေဖို့အတွက် လက်ရှိဥပဒေနဲ့ ပြောင်းလဲအစားထိုး ပြဋ္ဌာန်းပေးမှာပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအသစ်ရဲ့ အရေးကြီးဆုံးပြောင်းလဲမှုမှာ အစုရှယ်ယာရှင်တစ်ဦးနှင့် ဒါရိုက်တာတစ်ဦးတည်းဖြင့် ကုမ္ပဏီတည်ထောင်နိုင်ခြင်းပဲ ဖြစ်ပါတယ်။ အဆိုပါ ပြဋ္ဌာန်းချက်ကို စင်ကာပူ၊ မလေးရှား၊ ဟောင်ကောင်၊ သြစတြေးလျ၊ အမေရိကန်နှင့် ဥရောပအပါအဝင် နိုင်ငံအများစုမှာ တွင်ကျယ်စွာ အသုံးပြုလျက်ရှိပေမယ့် မြန်မာနိုင်ငံအတွက်တော့ အသစ်အဆန်းတစ်ရပ်လို ဖြစ်ပါတယ်။ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးတည်းသာရှိတဲ့ ကုမ္ပဏီတွေကို ကမ္ဘာတစ်ဝန်းမှာ ခွင့်ပြုကြခြင်းရဲ့ အရေးကြီးဆုံး အကြောင်းရင်းမှာ တစ်ဦးတည်းပိုင်လုပ်ငန်းများ၊ အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများကို တရားဝင်တည်ထောင်နိုင်ရေး အားပေးလိုခြင်းကြောင့် ဖြစ်ပါတယ်။ အစုရှယ်ယာရှင်တစ်ဦးတည်းနဲ့ ကုမ္ပဏီတည်ထောင်နိုင်ခြင်းကြောင့် အငယ်စားစီးပွားရေး လုပ်ငန်းများဟာ ကုမ္ပဏီကို လွယ်ကူစွာတည်ထောင်နိုင်ပြီး လုပ်ငန်းလည်ပတ်မှုကုန်ကျစရိတ် သက်သာစေတဲ့ အကျိုးကျေးဇူးကို ရရှိစေပါတယ်။ ဒါ့အပြင် ကော်ပိုရိတ်အုပ်စုကြီးများ ဖွဲ့စည်းထားသည့် နိုင်ငံခြားကုမ္ပဏီများဟာ ကုမ္ပဏီရေးရာ ကိစ္စရပ်များကို စီမံခန့်ခွဲရာမှာ လွယ်ကူစေတဲ့အတွက် အစုရှယ်ယာရှင် တစ်ဦးတည်းနဲ့ ကုမ္ပဏီတည်ထောင်ခြင်းကို ပိုမိုနှစ်သက်ကြပါတယ်။

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေသစ်မှာ ပုဂ္ဂလိကကုမ္ပဏီတစ်ခုကို အစုရှယ်ယာရှင်တစ်ဦးနှင့် ဒါရိုက်တာအဖွဲ့ဝင် အနည်းဆုံးတစ်ဦးတည်းဖြင့် ဖွဲ့စည်းနိုင်ပါတယ်။ အဆိုပါကုမ္ပဏီမှာ လူပုဂ္ဂိုလ် တစ်ဦးတည်းက အစုရှင်အဖြစ်ရော ဒါရိုက်တာအဖြစ်ပါ ဖြစ်နိုင်ခွင့်

ရှိတဲ့အတွက် ကုမ္ပဏီတည်ထောင်ခြင်း၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ခြင်းနဲ့ ကုမ္ပဏီလုပ်ငန်းများ လည်ပတ်ခြင်း တို့ကို လွယ်ကူမြန်ဆန်စွာ ဆောင်ရွက်နိုင်မှာပဲ ဖြစ်ပါတယ်။ ဥပမာ- ကုမ္ပဏီရဲ့ အစုရှင်နှင့် ဒါရိုက်တာ တစ်ဦးတည်းဖြစ်တဲ့အတွက် ဒါရိုက်တာအဖွဲ့ ဆုံးဖြတ်ချက်တွေမှာ ကုမ္ပဏီကို အမှန်တကယ် ပိုင်ဆိုင်ပြီး လုပ်ငန်းလည်ပတ် နေတဲ့ ပုဂ္ဂိုလ်တစ်ဦးတည်းကသာ လက်မှတ်ရေးထိုးဖို့ လိုအပ်တာဖြစ်လို့ လုပ်ငန်းနှောင့်နှေးခြင်းနှင့် အငြင်းပွားခြင်းတွေကို လျှော့ချနိုင်ပါမယ်။

တစ်ဦးတည်းပိုင် ကုမ္ပဏီများ အနေဖြင့်လည်း ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော အများနှင့် မသက်ဆိုင်သော ကုမ္ပဏီများကဲ့သို့ တူညီသော အခွင့်အရေးနှင့် လုပ်ပိုင်ခွင့်များ ရရှိစေမှာ ဖြစ်ပါတယ်။ အစုရှယ်ယာရှင်တစ်ဦးတည်းဖြင့် ဖွဲ့စည်းခွင့်ပြုပေမယ့်လည်း ကုမ္ပဏီမှာ ဒါရိုက်တာကို တစ်ဦးထက်ပို၍ ခန့်အပ်နိုင်ပါတယ်။ အခြားအစုရှယ်ယာရှင်များ ထံသို့ အစုရှယ်ယာများကို ဖိတ်ခေါ်နိုင်ကာ ဒါရိုက်တာများနှင့် အစုရှယ်ယာရှင်များ အပြောင်းအလဲဖြစ်ပေါ်တဲ့အခါ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနသို့ အကြောင်းကြားရမှာ ဖြစ်ပါတယ်။ အဆိုပါဥပဒေအသစ်အရ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနအနေနဲ့ တစ်ဦးတည်း ပိုင်ကုမ္ပဏီများကို အခြားသော ကုမ္ပဏီများအတိုင်း တူညီသည့် စည်းမျဉ်းများဖြင့် သတ်မှတ် ပြဋ္ဌာန်းဆောင်ရွက်စေမှာ ဖြစ်ပါတယ်။

အစုရှယ်ယာရှင်တစ်ဦးနှင့် ဒါရိုက်တာတစ်ဦးတည်း ပါဝင်သည့် ကုမ္ပဏီဟာ ကုမ္ပဏီများဥပဒေပါ သတ်မှတ်ချက်နှင့်အညီ အသေးစားကုမ္ပဏီဖြစ်ပါက ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနသို့ စာရင်းစစ်အတည်ပြုပြီးသော ဘဏ္ဍာရေး အစီရင်ခံစာများကို တင်ပြရန် သို့မဟုတ် နှစ်ပတ်လည် အစည်းအဝေးကျင်းပရန် မလိုအပ်ပါ။ (သို့သော်လည်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန သို့မဟုတ် ကုမ္ပဏီ၏အစုရှင်များမှ လိုအပ်၍ တောင်းဆိုပါက စာရင်းစစ်အစီရင်ခံစာနှင့် အထွေထွေ နှစ်ပတ်လည်အစည်းအဝေးတို့ကို ကျင်းပ ပြုလုပ်ပေးရမှာ ဖြစ်ပါတယ်) ဝန်ထမ်း(၃၀)အောက်ရှိပြီး နှစ်စဉ်ဝင်ငွေကျပ်သန်းငါးဆယ်အောက်ရှိသည့် ကုမ္ပဏီများကို အသေးစားကုမ္ပဏီအဖြစ် သတ်မှတ်မှာ ဖြစ်ပါတယ်။ တစ်ဦးတည်းပိုင် ကုမ္ပဏီများဖွဲ့စည်းခွင့်ပြုခြင်းဖြင့် အသေးစားနှင့် အလတ်စားလုပ်ငန်းများ (SMEs) အတွက် ငွေကြေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများအား လျှော့ချ ပေးနိုင်ရန် ရည်ရွယ်ထားခြင်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအသစ်မှာ အစုရှယ်ယာရှင်တစ်ဦးနှင့် ဒါရိုက်တာတစ်ဦးတည်း ကုမ္ပဏီများတည်ထောင်ခွင့် ပြဋ္ဌာန်းခြင်းကြောင့် ကုမ္ပဏီတည်ထောင်ခြင်းကို ပိုမိုလွယ်ကူ

စေမှာဖြစ်ပါတယ်။ အစုရှယ်ယာရှင်တစ်ဦးနှင့် ဒါရိုက်တာတစ်ဦးတည်းဖြင့် ကုမ္ပဏီတည်ထောင်နိုင်ခြင်းဟာ ရေးဆွဲလျက်ရှိတဲ့ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအသစ်ရဲ့ ပြောင်းလဲချက်များအနက် ထူးခြားတဲ့ ပြောင်းလဲချက်တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံမှာ ပိုမိုကောင်းမွန်တဲ့ စီးပွားရေးဝန်းကျင်ဖန်တီးဖို့နဲ့ အားကောင်းတဲ့ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့ အထောက်အကူဖြစ်စေပါတယ်။

***** ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက် (သောကြာနေ့) မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၈ တွင် ဖော်ပြပါရှိသော ဆောင်းပါး**

## ကုမ္ပဏီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့် ဥပဒေကြောင်းအရ အကျိုးသက်ရောက်မှုများ

မောင်ငြိမ်းကာ

ကုမ္ပဏီဆိုတာဟာ ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားတာဖြစ်တဲ့အတွက် တရားဥပဒေအရ ဆောင်ရွက် ခွင့်ရှိတဲ့ ပုဂ္ဂိုလ်များ ဖြစ်ပါတယ်။ ယင်းသို့ ဥပဒေကြောင်းအရ အကျုံးဝင်မှုရှိစေဖို့ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ (၁၉၁၄) အရ မှတ်ပုံတင်မှသာ တရားဝင်မှာဖြစ်ပြီး လူပုဂ္ဂိုလ်နှင့် ကုမ္ပဏီအဖွဲ့အစည်းကို သီးခြားစီခွဲခြားပြီး ရပ်တည်နိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် မှတ်ပုံတင်ခြင်းကို ပယ်ဖျက်ခြင်းဖြင့်လည်း တရားဝင်ရပ်တည်မှု ရပ်ဆိုင်းခြင်း ပြုလုပ်နိုင်မှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ (၁၉၁၄) နဲ့ အခြားစီးပွားရေးဆိုင်ရာ ဥပဒေများအရ ကုမ္ပဏီများ အားလုံးမှာ တူညီတဲ့ ဥပဒေဆိုင်ရာလိုက်နာရန်တာဝန်များ ရှိကြမှာဖြစ်ပါတယ်။ မည်သို့ပင်ဆိုစေကာမူ ကုမ္ပဏီတစ်ခုရဲ့ စီမံခန့်ခွဲမှုဆိုင်ရာ အခြေခံစည်းမျဉ်းများကို သင်းဖွဲ့စည်းမျဉ်း၊ သင်းဖွဲ့မှတ်တမ်းတို့နဲ့ သတ်မှတ်ရေးဆွဲ ရပါတယ်။ ယင်းစာရွက်စာတမ်းနှစ်မျိုးကို ကုမ္ပဏီရဲ့ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းများ (Constitution)အဖြစ် နိုင်ငံတကာစီးပွားရေးနယ်ပယ်မှာ သိရှိကြပြီး မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေမူကြမ်းမှာလည်း ယင်းအချက်ကို ထည့်သွင်းရေးဆွဲထားပါတယ်။ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း ဆိုတာကတော့ ကုမ္ပဏီများအနေနဲ့စီမံဆောင်ရွက်မယ့် အခြေခံစည်းမျဉ်းများကို ထည့်သွင်းဖော်ပြ ရေးဆွဲထားခြင်းဖြစ်ပါတယ်။

**သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်း ဆိုတာ ဘာလဲ။**

သင်းဖွဲ့မှတ်တမ်း(Memorandum of Association) ဆိုတာက ကုမ္ပဏီရဲ့ လုပ်ငန်းဆောင်ရွက်မှု အနေအထားကို ဖော်ပြတဲ့စာရွက်စာတမ်းဖြစ်ပြီး၊ ကုမ္ပဏီအမည်၊ ကုမ္ပဏီ၏ အစုရှယ်ယာများ၊ ကုမ္ပဏီအဖွဲ့ဝင်များရဲ့ ပေးရန်တာဝန်များကို ဖော်ပြထားပါတယ်။ သင်းဖွဲ့မှတ်တမ်းမှာ လုပ်ငန်းရည်ရွယ်ချက်တွေကို အတိအလင်းဖော်ပြထားပြီး၊ ယင်းရည်ရွယ်ချက်တွေကို အကောင်အထည် ဖော်နိုင်မယ့် အခွင့်အာဏာများလည်း ဖော်ပြပါ ရှိပါတယ်။

သင်းဖွဲ့စည်းမျဉ်း (Articles of Association) ဆိုတာကတော့ ကုမ္ပဏီအတွင်း ဆောင်ရွက်မယ့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များဖြစ်တဲ့ အဖွဲ့ဝင်များရဲ့ တာဝန်နှင့် ရပိုင်ခွင့်များ၊ ဒါရိုက်တာများခန့်အပ်ခြင်း၊ ဒါရိုက်တာအဖွဲ့ရဲ့ လုပ်ပိုင်ခွင့်အာဏာကို သတ်မှတ်ခြင်း၊ အစည်းအဝေးခေါ်ယူခြင်း၊ အစုရှယ်ယာများ ထုတ်ဝေခြင်း၊ အစုရှယ်ယာများရဲ့ ရပိုင်ခွင့်များသတ်မှတ်ခြင်း၊ အစုရှယ်ယာ လွှဲပြောင်းခြင်း အစရှိတဲ့ သတ်မှတ်ချက်များကို ထည့်သွင်းရေးဆွဲထားပါတယ်။

သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းဆိုတာ ကုမ္ပဏီရဲ့ အစုရှယ်ယာရှင်များနဲ့ ဒါရိုက်တာများရဲ့ အခွင့်အရေးနဲ့ လုပ်ပိုင်ခွင့်အာဏာများနဲ့ ဆက်နွယ်နေတဲ့ အရေးကြီးတဲ့ ပြဋ္ဌာန်းချက်တွေ ပါဝင်ပါတယ်။ ဒါ့ကြောင့် ကုမ္ပဏီတိုင်းဟာ ၎င်းရဲ့သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းတွေကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနမှာ မှတ်တမ်းထားရှိရပါတယ်။။ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဉပဒေ (၁၉၁၄)အရ သင်းဖွဲ့ မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းပုံစံတွေကို ဖြည့်စွက် အသုံးပြုနိုင်သလို မိမိတို့ဘာသာ စိတ်ကြိုက်ရေးဆွဲထားတဲ့ သင်းဖွဲ့မှတ်တမ်းနဲ့ သင်းဖွဲ့စည်းမျဉ်းတွေနဲ့လည်း တင်ပြနိုင်ပါတယ်။

မြန်မာနိုင်ငံကုမ္ပဏီများအက်ဉပဒေ (၁၉၁၄)မှာ ကုမ္ပဏီရဲ့ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းကို ပြင်ဆင်ဖို့ လုပ်ထုံးလုပ်နည်းတွေကို ဖော်ပြထားပြီး အဲလိုပြင်ဆင်ဖို့ အစုရှယ်ယာရှင်တွေရဲ့ အထူးဆုံးဖြတ်ချက် လိုအပ်ပါတယ်။ ဒါ့အပြင် တရားရုံးရဲ့အတည်ပြုချက်လည်း လိုအပ်တဲ့အတွက် ဈေးကွက်စီးပွားရေးစနစ်မှာ လုပ်ငန်းလည်ပတ်နေတဲ့ ကုမ္ပဏီများအတွက် ဝန်ထုပ်ဝန်ပိုးတစ်ခုဖြစ်စေပြီး အချိန်ကြန့်ကြာမှုတွေကိုလည်း ဖြစ်ပေါ်စေတဲ့အတွက် အဆိုပါ အပြောင်းအလဲများကို တရားရုံးအတည်ပြုချက်ရယူဖို့ မလိုအပ်ပဲ ဆောင်ရွက်နိုင်ဖို့ ပြောင်းလွယ်ပြင်လွယ်ရှိဖို့ လိုအပ်လာပါတယ်။

**သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းများ ၏ ဉပဒေဆိုင်ရာ အကျိုးသက်ရောက်မှုများ**

သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းပါ ပြဋ္ဌာန်းချက်တွေဟာ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဉပဒေပါ ပြဋ္ဌာန်း ချက် တွေကဲ့သို့ စွမ်းအားမရှိပေမယ့် အဆိုပါ စာရွက်စာတမ်းတွေဟာ အောက်ပါပုဂ္ဂိုလ်များအကြားချုပ်ဆို ထားတဲ့ စာချုပ်တစ်ခုအဖြစ် ဉပဒေအရ သက်ရောက်မှု ရှိစေပါတယ် -

- ကုမ္ပဏီနှင့် အစုရှယ်ယာရှင်တစ်ဦးချင်းစီအကြား၊
- ကုမ္ပဏီနှင့် ဒါရိုက်တာတစ်ဦးချင်းစီနှင့် ကုမ္ပဏီအတွင်းရေးမှူး အစရှိသည့် ပုဂ္ဂိုလ်များအကြား၊
- အစုရှယ်ယာရှင်တစ်ဦးနှင့် အခြားအစုရှယ်ယာရှင်များအကြား၊

သင်းဖွဲ့မှတ်တမ်းနဲ့သင်းဖွဲ့စည်းမျဉ်းဟာ ကုမ္ပဏီနှင့် အစုရှယ်ယာရှင်များကြား စာချုပ်တစ်ခု ဖြစ်တဲ့ အတွက် နှစ်ဦးနှစ်ဖက်စလုံးက ဉပဒေဆိုင်ရာ အကျိုးသက်ရောက်မှုတွေကို ရရှိမှာ ဖြစ်ပါတယ်။ ဉပမာအားဖြင့် အစုရှယ်ယာရှင်တစ်ဦးဟာ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်ပါက ကုမ္ပဏီ သို့မဟုတ် အခြားသော အစုရှယ်ယာရှင်တွေက အဆိုပါ အစုရှယ်ယာရှင်တွေကို တရားစွဲဆို နိုင်မှာပဲ ဖြစ်ပါတယ်။

ဒါ့အပြင် သင်းဖွဲ့မှတ်တမ်းနှင့်သင်းဖွဲ့စည်းမျဉ်းဟာ ကုမ္ပဏီနှင့် ဒါရိုက်တာများကြား စာချုပ်တစ်ခုကဲ့သို့ ဥပဒေအရသက်ရောက်မှုတွေရှိပါတယ်။ ဒါ့ကြောင့် ဒါရိုက်တာတစ်ဦးဟာ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့ စည်းမျဉ်းပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်ပါက ကုမ္ပဏီက အဆိုပါ ဒါရိုက်တာကို တရားစွဲနိုင်မှာပဲ ဖြစ်ပါတယ်။

ဒါ့ကြောင့် ကုမ္ပဏီရဲ့ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းဟာ ကုမ္ပဏီရဲ့ အစုရှယ်ယာရှင်များ၊ ဒါရိုက်တာများနဲ့ အဆိုပါကုမ္ပဏီတို့ရဲ့ အခွင့်အရေး၊ အာဏာနှင့် တာဝန်ဝတ္တရား တို့ကို သတ်မှတ်ဖော်ပြထားတဲ့ အလွန်အရေးပါတဲ့ စာရွက်စာတမ်းတစ်ခုဖြစ်ဖြစ်ပါတယ်။ ဒါ့အပြင် အခွင့်အရေးနှင့် လုပ်ပိုင်ခွင့် အာဏာတို့ကို နားလည်ရန်လိုအပ်တဲ့ အစုရှယ်ယာရှင်အသစ်များကဲ့သို့ အဆိုပါကုမ္ပဏီနှင့် ဆက်သွယ်ဆောင်ရွက်ရတဲ့ ပုဂ္ဂိုလ်တွေအတွက်လည်း အရေးကြီးတဲ့ စာရွက်စာတမ်းတစ်ခု ဖြစ်ပါတယ်။

**မြန်မာနိုင်ငံကုမ္ပဏီများဥပဒေမူကြမ်းတွင် ထည့်သွင်းရေးဆွဲထားသည့် ကုမ္ပဏီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများ**

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက ရေးဆွဲနေတဲ့ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ မူကြမ်းမှာ ကုမ္ပဏီမှတ်ပုံတင်ရာမှာ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းများတင်ပြရန် မလိုအပ်တော့ဘဲ၊ ကုမ္ပဏီ၏ "ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများ"ဟု ခေါ်ဝေါ်သုံးစွဲမယ့် အထောက်အထား မှတ်တမ်းသာ လိုအပ်မှာ ဖြစ်ပါတယ်။

သင်းဖွဲ့မှတ်တမ်းမှာ လုပ်ငန်းရည်ရွယ်ချက်များ ပါဝင်ပြီး ဥပဒေအသစ်အရ အဆိုပါ ရည်ရွယ်ချက်တွေကို မဖြစ်မနေတင်ပြဖို့ မလိုအပ်တော့ပါဘူး။ အကြောင်းရင်းကတော့ ကုမ္ပဏီအားလုံးဟာ ဥပဒေနဲ့အညီ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်တဲ့ အခွင့်အရေးတွေရှိတာကြောင့် ဖြစ်ပါတယ်။ လက်ရှိဥပဒေအရ သင်းဖွဲ့မှတ်တမ်းမှာ အဆိုပြုရတဲ့ ကုမ္ပဏီရဲ့ သတ်မှတ်မတည်ငွေရင်း ဖော်ပြချက်ကို ဥပဒေသစ်မှာ ပယ်ဖျက်မှာဖြစ်ပါတယ်။ ဒါ့ကြောင့် သင်းဖွဲ့မှတ်တမ်းကို သီးခြားစာရွက်စာတမ်း တစ်ခုအနေနဲ့ တင်ပြဖို့ မလိုအပ်တော့ခြင်းဘဲ ဖြစ်ပါတယ်။

ယခင် သင်းဖွဲ့စည်းမျဉ်းမှာ ပါဝင်တဲ့ အချက်တွေဟာ ကုမ္ပဏီရဲ့ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းမှာ ပါဝင်လာမှာ ဖြစ်လို့ ကုမ္ပဏီက ရေးဆွဲပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှာ မှတ်ပုံတင်ရမဲ့ စာရွက်စာတမ်းတွေကို လွယ်ကူရှင်းလင်းစွာ ရေးဆွဲပြင်ဆင်နိုင်စေပါမယ်။ ကုမ္ပဏီများမှ ၎င်းတို့ရဲ့ စီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ရေးဆွဲမှုကို စာရွက်စာတမ်း တစ်မျိုးတည်းနဲ့ ဆောင်ရွက်နိုင်တော့မှာ ဖြစ်ပါတယ်။ အကယ်၍ ကုမ္ပဏီများအနေဖြင့် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို ကိုယ်တိုင်ရေးဆွဲ လိုခြင်း

မရှိတဲ့ ပုဂ္ဂလိက ကုမ္ပဏီတွေအတွက် ဥပဒေအသစ်မှာ နမူနာကုမ္ပဏီ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းကို ဖော်ပြထားပါတယ်။

**ကုမ္ပဏီရဲ့ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းဟာ လက်ရှိမှာ အသုံးပြုနေတဲ့ သင်းဖွဲ့စည်းမျဉ်း နှင့် သဘောတရား တူညီပြီး ကုမ္ပဏီနှင့် အစုရှယ်ယာရှင်များကြားဖြစ်စေ၊ ကုမ္ပဏီနှင့် ဒါရိုက်တာများကြားဖြစ်စေ ဥပဒေ သက်ရောက်မှုရှိတဲ့ စာချုပ်တစ်ခုအဖြစ်**

ကုမ္ပဏီရဲ့ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းဟာ လက်ရှိမှာ အသုံးပြုနေတဲ့ သင်းဖွဲ့စည်းမျဉ်း နှင့် သဘောတရား တူညီပြီး ကုမ္ပဏီနှင့် အစုရှယ်ယာရှင်များကြားဖြစ်စေ၊ ကုမ္ပဏီနှင့် ဒါရိုက်တာများကြားဖြစ်စေ ဥပဒေ သက်ရောက်မှုရှိတဲ့ စာချုပ်တစ်ခုအဖြစ် အကျုံးဝင်မှာ ဖြစ်ပါတယ်။

ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို ပြင်ဆင်ပြောင်းလဲမယ်ဆိုရင် အစုရှယ်ယာရှင်တွေရဲ့ အထူး ဆုံးဖြတ်ချက်နဲ့ ပြုလုပ်နိုင်မှာဖြစ်ပါတယ်။ ယင်းအထူးဆုံးဖြတ်ချက်ကိုလည်း တရားရုံးအတည်ပြုချက် ရယူဖို့ မလိုအပ်တော့ပါ။

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအာဏာသက်ဝင်တဲ့အခါမှာ လက်ရှိ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ (၁၉၁၄) အရ မှတ်ပုံတင်ထားတဲ့ ကုမ္ပဏီတွေအနေနဲ့လည်း သင်းဖွဲ့ စည်းမျဉ်း ပြင်ဆင်လိုပါကလည်း ဥပဒေအသစ်မှ ပြဋ္ဌာန်းချက်တွေနဲ့အညီ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ လက်ရှိ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းတွေကလည်း ဥပဒေသစ်အရ ကုမ္ပဏီရဲ့ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းအဖြစ် အကျုံးဝင် သွားမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ ဥပဒေသစ်အရ အကျုံးမဝင်တဲ့ အချက်အလက်များကတော့ ပျက်ပြယ်သွားမှာ ဖြစ်ပါတယ်။ လက်ရှိကုမ္ပဏီတွေရဲ့ သင်းဖွဲ့မှတ်တမ်းမှာပါဝင်တဲ့ လုပ်ငန်းရည်ရွယ်ချက်တွေကို ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းပါ လုပ်ငန်းရည်ရွယ်ချက်အဖြစ် ဥပဒေအသစ် အသွင်ကူးပြောင်းရေး ပြီးဆုံးတဲ့ ကာလအထိ ဆက်လက်ကျင့်သုံးသွားနိုင်မှာ ဖြစ်ပါတယ် ( ဒါပေမဲ့ အစုရှယ်ယာရှင်များရဲ့ သဘောထားအရ ကုမ္ပဏီရဲ့ လုပ်ငန်းရည်ရွယ်ချက်များအဖြစ် ဆက်လက်ထိန်းသိမ်းထားနိုင်မှာ ဖြစ်ပါတယ်။)

အဆိုပါအပြောင်းအလဲတွေဟာ မြန်မာနိုင်ငံလိုပဲ အင်္ဂလိပ်ကုမ္ပဏီဥပဒေဓလေ့ထုံးတွေကို ကျင့်သုံးတဲ့ စင်ကာပူ၊ ဟောင်ကောင်၊ မလေးရှား၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတွေအပါအဝင် ဒေသတွင်းနိုင်ငံများရဲ့ လက်ရှိကျင့်သုံးနေတဲ့ ဥပဒေများနှင့် တစ်ပြေးညီရှိ

စေမှာ ဖြစ်ပါတယ်။ ယင်းသို့ဆောင်ရွက်ခြင်းဟာ ကုမ္ပဏီ၊ အစုရှယ်ယာရှင်များနှင့် ဒါရိုက်တာများရဲ့ အခွင့်အရေးများကို ရှင်းလင်းစွာ သတ်မှတ်နိုင်မှာဖြစ်ပြီး၊ လုပ်ငန်းစတင်တည်ထောင်ရာမှာလည်း ပိုမိုလွယ်ကူစွာ ဆောင်ရွက်နိုင်စေဖို့ ရည်ရွယ်တာပဲ ဖြစ်ပါတယ်။

***** ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့ ကြေးမုံသတင်းစာ စာမျက်နှာ ၆ တွင် ဖော်ပြပါရှိသော ဆောင်းပါး**

# အများပိုင်ကုမ္ပဏီများနှင့် မြန်မာပြည်

မောင်ဦးကာ

## အများပိုင်ကုမ္ပဏီများ၏ ယနေ့အခြေအနေ

အများနှင့်သက်ဆိုင်သော တစ်နည်းအားဖြင့် အများပိုင်ကုမ္ပဏီတွေ ဖွဲ့စည်းတည်ထောင်မှုကို လိုအပ်တဲ့ အရည်အချင်းသတ်မှတ်ချက်တွေ ပြဋ္ဌာန်းပြီး ပြန်လည်ခွင့်ပြုခဲ့ပါတယ်။ ဒီလိုခွင့်ပြု ပေးခဲ့တဲ့အတွက် ၂၀၁၂ ခုနှစ်မတိုင်ခင်က အများပိုင်ကုမ္ပဏီ (၂၁) ခုသာရှိခဲ့ရာမှ ယနေ့အချိန်မှာ အများပိုင်ကုမ္ပဏီစုစုပေါင်း (၂၆၃)ခုအထိ မြန်ဆန်စွာ အရေအတွက်တွေ တိုးတက်လာခဲ့ပါတယ်။ ဒီလိုတိုးတက်မှုဟာ ကောင်းသလိုလို ထင်ရပေမယ့် အများပြည်သူအတွက် အန္တရာယ်ရှိလာနိုင်တာကိုလည်း တွေ့နေရပါတယ်။

## အယူအဆအလွဲများ

မကြာခင်ရက်ပိုင်းက ပြည်တွင်းသတင်းမီဒီယာအများအပြားမှာ စီးပွားရေးလုပ်ငန်းတစ်ချို့ အများပိုင်ကုမ္ပဏီတွေ ထူထောင်စေပြီးမှ ဆောင်ရွက်သွားမယ်ဆိုတဲ့သတင်း၊ အစိုးရတင်ဒါအချို့ ခေါ်ယူရာမှာ အများပိုင်ကုမ္ပဏီဖြစ်ရမယ်ဆိုတဲ့ ကန့်သတ်ချက်၊ အချို့ကိစ္စရပ်တွေမှာ အများပိုင်ကုမ္ပဏီတွေကို ဦးစားပေးသွားမယ်ဆိုတဲ့လိုလားချက် စတာတွေဟာ စီးပွားရေးလုပ်ငန်းတွေကို ကုမ္ပဏီတစ်ခု၊ တစ်စုံတစ်ဦးက လက်ဝါးကြီးအုပ်တာမျိုး ခွင့်မပြုဘဲ ပြည်သူလူထုအားလုံး မျှတစွာ အကျိုးခံစားခွင့်ရရှိစေနိုင်မယ်လို့ သီအိုရီအရ ကြည့်ရင်မှန်သယောင်ယောင် ရှိပါတယ်။ ဒါပေမယ့် လက်တွေ့မှာ လွဲမှားတဲ့ အယူအဆလည်းဖြစ်ပါတယ်။

## အများပိုင်ဆိုတာဘာလဲ?

၁၉၁၄ ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများအက်ဉပဒေအရ အများနှင့်သက်ဆိုင်သောကုမ္ပဏီ (အများပိုင်ကုမ္ပဏီ)နဲ့ အများနှင့်မသက်ဆိုင်သောကုမ္ပဏီတို့ဟာ အခွင့်အလမ်းကွာခြားခြင်းမရှိဘဲ အားလုံးအတူတူပဲဖြစ်ပါတယ်။ အဓိက ကွဲပြားချက်တွေကတော့ အောက်ပါ အတိုင်းပဲ ဖြစ်ပါတယ်-

(၁) **အနည်းဆုံး ရှယ်ယာဝင်အရေအတွက်။** အများနှင့် မသက်ဆိုင်တဲ့ ကုမ္ပဏီမှာ အနည်းဆုံးရှယ်ယာဝင် အရေအတွက် နှစ်ဦးအနည်းဆုံး လိုအပ်ပြီး အများပိုင်ကုမ္ပဏီမှာတော့ ရှယ်ယာဝင် ခုနှစ်ဦးအနည်းဆုံး ရှိရမှာဖြစ်ပါတယ်။

(၂) **အများဆုံး ရှယ်ယာဝင်အရေအတွက်။** အများနှင့်မသက်ဆိုင်တဲ့ ကုမ္ပဏီမှာ အများဆုံးရှယ်ယာဝင် အရေအတွက် ၅၀ အထိသာ ခွင့်ပြုပေမယ့် အများပိုင်ကုမ္ပဏီမှာတော့ ရှယ်ယာဝင် အရေအတွက် ကန့်သတ်ချက်မရှိပါ။

(၃) **ဒါရိုက်တာဦးရေ။** အများနှင့်မသက်ဆိုင်တဲ့ ကုမ္ပဏီမှာ ဒါရိုက်တာဦးရေ နှစ်ဦး အနည်းဆုံးလိုအပ်ပြီး အများပိုင်ကုမ္ပဏီမှာတော့ ဒါရိုက်တာသုံးဦး အနည်းဆုံးရှိရမှာ ဖြစ်ပါတယ်။

(၄) **အစုရှယ်ယာများ လွှဲပြောင်းခွင့်။** အများနှင့်မသက်ဆိုင်တဲ့ ကုမ္ပဏီတစ်ခုရဲ့ အစုရှယ်ယာတွေကို လွတ်လပ်စွာ လွှဲပြောင်းခွင့် မပြုပေမယ့် အများပိုင်ကုမ္ပဏီတွေရဲ့ ရှယ်ယာလွှဲပြောင်းခွင့်မှာတော့ ကန့်သတ်ချက်မထားရှိပါ ။

(၅) **အလားအလာညွှန်းတမ်း (Prospectus) ထုတ်ပြန်ခြင်း။** အများနှင့် မသက်ဆိုင်သော ကုမ္ပဏီရဲ့ ရှယ်ယာတွေကို အများပြည်သူကို ထုတ်ဝေရောင်းချခွင့် မပြုတဲ့အပြင် အလားအလာညွှန်းတမ်းကိုလည်း ထုတ်ပြန်ခွင့် မပြုပါ။ ဒါပေမယ့် အများပိုင်ကုမ္ပဏီ ကတော့ အများပြည်သူကို ရှယ်ယာထုတ်ဝေရောင်းချခွင့်နဲ့ အလားအလာညွှန်းတမ်း ထုတ်ပြန်ခွင့်ရှိပါတယ်။

(၆) **စီးပွားရေးလုပ်ငန်းစတင်ခြင်း။** အများနှင့်မသက်ဆိုင်တဲ့ ကုမ္ပဏီတစ်ခု အနေနဲ့ ကုမ္ပဏီဖွဲ့စည်းတည်ထောင်ပြီးတာနဲ့ စီးပွားရေးလုပ်ငန်း စတင်ဆောင်ရွက်ခွင့်ရှိပေမယ့် အများပိုင်ကုမ္ပဏီတစ်ခုကတော့ ၁၉၁၄ ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနဲ့အညီ စီးပွားရေးလုပ်ငန်း စတင်ဆောင်ရွက်ခွင့်လက်မှတ် ရရှိပြီးမှသာ လုပ်ငန်းစတင် ဆောင်ရွက်ခွင့် ရှိပါတယ်။

(၇) **ပြဋ္ဌာန်းဥပဒေနှင့်အညီ အစည်းအဝေး (Statutory Meeting) ကျင်းပခြင်း။** အများနှင့် မသက်ဆိုင်သောကုမ္ပဏီ တစ်ခုအနေနဲ့ ပြဋ္ဌာန်းဥပဒေနှင့်အညီ အစည်းအဝေး ခေါ်ယူရန် မလိုအပ်ပေမယ့် အများပိုင်ကုမ္ပဏီ တစ်ခုကတော့ ပြဋ္ဌာန်းဥပဒေနှင့်အညီ အစည်းအဝေး ခေါ်ယူဖို့နဲ့ အစည်းအဝေး မှတ်တမ်းကို ကုမ္ပဏီမှတ်ပုံတင်အရာရှိထံ ပုံမှန်ပေးပို့ဖို့ လိုအပ်ပါတယ်။

အများပိုင်ကုမ္ပဏီရဲ့ အားသာချက်ကတော့ အစုရှယ်ယာဝင်ဦးရေ ကန့်သတ်ချက်မရှိတဲ့အတွက် ကုမ္ပဏီအနေနဲ့ မိမိရဲ့ စီးပွားရေးလုပ်ငန်း ချဲ့ထွင်ဖို့အတွက် အရင်းအနှီးစုဆောင်း ချဲ့ထွင်ခြင်းကို အကန့်အသတ်မရှိ ဆောင်ရွက်ခွင့်ရှိတာပါပဲ။ ဒါပေမယ့် အများပိုင်ကုမ္ပဏီတစ်ခုရဲ့ စီးပွားရေးလုပ်ငန်းတွေ ဆုံးရှုံးမှုတစ်စုံတစ်ရာဖြစ်ခဲ့ရင် ရှယ်ယာထည့်ဝင်ထားတဲ့ အများပြည်သူ ထိခိုက်နစ်နာမှု ရှိမှာဖြစ်ပါတယ်။

**ထိန်းကျောင်းမှုများ**

ဒါကြောင့် အများပိုင်ကုမ္ပဏီတွေကို စည်းမျဉ်းစည်းကမ်း တင်းကျပ်စွာ ထိန်းကျောင်းလေ့ရှိပြီး အဆိုပါ ကုမ္ပဏီတွေအနေနဲ့ သူတို့ရဲ့ ငွေရေးကြေးရေး အခြေအနေနဲ့ အခြားကိစ္စအဝဝကို ရှယ်ယာဝင် အားလုံးအပါအဝင် အများပြည်သူသိရှိအောင် ထုတ်ပြန်ကြေညာပေးရပါတယ်။ နိုင်ငံအများစုမှာ အများပိုင်ကုမ္ပဏီတွေ ရှယ်ယာထုတ်ဝေရောင်းချခြင်းကို စတော့အိတ်ချိန်းတွေမှာ စာရင်းဝင်ဖြစ်ပြီးမှ ရောင်းချခွင့်ပြုလေ့ရှိပြီး ဒီလိုရောင်းချနိုင်ဘို့အတွက် IPO (Initial Public Offering) ဆိုတဲ့ လုပ်ငန်းစဉ်အတိုင်း လိုက်နာဆောင်ရွက်ရပါတယ်။ အများပိုင်ကုမ္ပဏီတစ်ခုဖြစ်လာဖို့အတွက် အများနှင့်မသက်ဆိုင်တဲ့ ကုမ္ပဏီအဖြစ်ကနေ စတင်ရပြီး အဆိုပါကုမ္ပဏီဟာ ဝင်ငွေရလမ်း ကောင်းမွန်မှုနှင့် အကျိုးအမြတ်ရရှိမှုတို့ကို ပြသနိုင်ရန် လိုအပ်ပါတယ်။ ဒါကြောင့် အများပိုင်အဖြစ် ပြောင်းလဲဆောင်ရွက်တဲ့ ကုမ္ပဏီတွေဟာ ကောင်းစွာထူထောင်လည်ပတ် အကျိုးအမြတ်ရရှိနေပြီး ယှဉ်ပြိုင် နိုင်စွမ်းကောင်းတဲ့ ကုမ္ပဏီတွေ ဖြစ်ကြပါတယ်။ ပြန်လည်သုံးသပ်ကြည့်ရင် **အများပိုင်ကုမ္ပဏီအဖြစ် တိုက်ရိုက်ထူထောင်လေ့ မရှိကြဘဲ စီးပွားရေးအရ အကျိုးအမြတ်အားကောင်းပြီး လုပ်ငန်းချဲ့ထွင် နိုင်မယ့် အများနှင့်မသက်ဆိုင်တဲ့ ကုမ္ပဏီများကသာ အများပိုင်ကုမ္ပဏီအဖြစ် ပြောင်းလဲထူထောင်လေ့ ရှိကြပါတယ်။**

အမေရိကန်နိုင်ငံမှာ ကျင့်သုံးဆောင်ရွက်မှုကို ဥပမာအနေနဲ့ တင်ပြရရင် အများနှင့်မသက်ဆိုင် တဲ့ ကုမ္ပဏီတစ်ခုဟာ တစ်နှစ်ဝင်ငွေ အနည်းဆုံး ဒေါ်လာသန်း ၁၀၀ ရှိပြီး ခြောက်လ ဆက်တိုက် အမြတ်အစွန်း ပေါ်ပေါက်မှသာ အများပိုင်ကုမ္ပဏီအဖြစ် ပြောင်းလဲဆောင်ရွက် ခွင့်ပြုပါတယ်။ ယေဘူယျအားဖြင့် နိုင်ငံအများစုမှာ အများပိုင်ကုမ္ပဏီ တစ်ခုဖြစ်လာဘို့အတွက် အောက်ဖော်ပြပါ စံနှုန်းသတ်မှတ်ချက် တွေကိုလည်း သတ်မှတ်လေ့ရှိကြပါတယ်-

(၁) အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ကြောင်း မှတ်တမ်းအခိုင်အမာရှိခြင်း။

(၂) ဝင်ငွေတိုးတက်ကောင်းမွန်ကြောင်း သက်သေပြနိုင်ခြင်း။

(၃) အနာဂတ်တိုးတက်မှုအတွက် အလားအလာကောင်းရှိကြောင်း ပြသနိုင်ခြင်း။

(၄) စဉ်ဆက်မပြတ် ဈေးကွက်ဝင်ရောက်နိုင်ခြင်း။

(၅) ကုမ္ပဏီရဲ့စီမံအုပ်ချုပ်မှုနှင့် စာရင်းအင်းထိန်းသိမ်းဆောင်ရွက်မှုကောင်းမွန်ခြင်း။

(၆) အရည်အသွေး မြင့်မားတဲ့ အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့ရှိခြင်းတို့ဖြစ်ပါတယ်။

ကုမ္ပဏီတိုင်းဟာ အထက်က အခြေအနေ ခြောက်ရပ်နဲ့ ပြည့်စုံဖို့ ခဲယဉ်းတဲ့အတွက် အများပိုင် ကုမ္ပဏီတစ်ခုဖြစ်လာဖို့လည်း မလွယ်ကူလှပါဘူး။ တစ်ဖက်ကပြန်ကြည့်ရင် ကမ္ဘာပေါ်တွင် အောင်မြင်နေတဲ့ ကုမ္ပဏီကြီးအများစုဟာ အများနဲ့မသက်ဆိုင်တဲ့ ကုမ္ပဏီတွေ ဖြစ်တယ်ဆိုတာလည်း တွေ့ရပါ တယ်။ ဒါကြောင့် အများနှင့်မသက်ဆိုင်တဲ့ ကုမ္ပဏီတစ်ခုဟာ ကုမ္ပဏီကြီးတစ်ခုဖြစ်ဖို့ အလားအလာ မရှိဘူးဆိုတဲ့ အယူအဆဟာလည်း မှန်ကန်မှု မရှိပါဘူး။ ဥပမာအားဖြင့် DELL ကုမ္ပဏီဟာ အများနှင့် မသက်ဆိုင်တဲ့ကုမ္ပဏီတစ်ခုဖြစ်ပြီး ၂၀၁၅ ခုနှစ်မှာ တစ်နှစ်တာရောင်းရငွေ အမေရိကန်ဒေါ်လာ ၄၉ ဘီလီယံရှိခဲ့ပါတယ်။ မုန့်မျိုးစုံနဲ့ တိရစ္ဆာန်အစားအစာတွေ၊ စားသောက်ကုန် တွေ ရောင်းချတဲ့ Mars ကုမ္ပဏီဟာလည်း အများနှင့်မသက်ဆိုင်တဲ့ ကုမ္ပဏီဖြစ်ပြီး ၂၀၁၅ ခုနှစ် တစ်နှစ်တာရောင်း ရငွေ အမေရိကန်ဒေါ်လာ ၃၃ ဘီလီယံရှိခဲ့ပါတယ်။

**အများပိုင်ကုမ္ပဏီတစ်ခုရဲ့ အားနည်းချက်များ**

အများပိုင်ကုမ္ပဏီတွေမှာ အကဲမသာတဲ့အချက်တွေရှိတဲ့အနက် ပထမဆုံး အားနည်း ချက်ကတော့ အကယ်၍များ အခြားရှယ်ယာပိုင်ရှင်တွေက ကုမ္ပဏီရဲ့ ရှယ်ယာအများစုကို ပိုင်ဆိုင် သွားတဲ့အခါ ဒါရိုက်တာအဖွဲ့ကို ရွေးချယ်နိုင်ခွင့် ပိုမိုရရှိသွားတဲ့အတွက် မူရင်း ပိုင်ရှင်တွေဟာ ကုမ္ပဏီအပေါ်မှာ ထိန်းချုပ်နိုင်ခွင့် ဆုံးရှုံးသွားတာပါဘဲ။

> **အများပိုင်ကုမ္ပဏီတွေမှာ အကဲမသာတဲ့အချက်တွေရှိတဲ့အနက် ပထမဆုံး အားနည်း ချက်ကတော့ အကယ်၍များ အခြား ရှယ်ယာပိုင်ရှင်တွေက ကုမ္ပဏီရဲ့ ရှယ်ယာအများစုကို ပိုင်ဆိုင် သွားတဲ့အခါဒါရိုက်တာအဖွဲ့ကို ရွေးချယ်နိုင်ခွင့် ပိုမိုရရှိသွားတဲ့ အတွက် မူရင်း ပိုင်ရှင်တွေဟာ ကုမ္ပဏီအပေါ်မှာ ထိန်းချုပ်နိုင်ခွင့် ဆုံးရှုံးသွားတာပါဘဲ။**

ဒီအခြေအနေက ကုမ္ပဏီရှယ်ယာ ပိုင်ရှင်များအကြားမှာ အငြင်းပွားမှုကို ပေါ်ပေါက် စေလေ့ရှိပါတယ်။ နောက်တစ်ချက်ကတော့ အများပိုင် ကုမ္ပဏီဟာ သူ့ရဲ့ရှယ်ယာရှင်တွေကို လုပ်ငန်းရဲ့ အကျိုးအမြတ်နဲ့ အခြေအနေအရပ်ရပ်ကို မပျက်မကွက် အသိပေးဖို့၊ နှစ်စဉ် နှစ်ပတ်လည်ရှင်းတမ်း အသေးစိတ်ထုတ်ပြန်ပြီး အများပြည်သူကို ချပြဖို့ လိုအပ်တာ ဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရာမှာ ပြောင်းလွယ်ပြင်လွယ်ရှိမှု ဆုံးရှုံးသွားတာပါ။ ရင်းနှီးမြှုပ်နှံသူတွေဟာ ကုမ္ပဏီရဲ့ အကျိုး အမြတ်ရရှိမှုကို တစိုက်မတ်မတ် စောင့်ကြည့်နေလေ့ရှိတဲ့အတွက် ဒါရိုက်တာအဖွဲ့နဲ့ စီမံအုပ်

ချုပ်သူတွေအပေါ် ဖိအားဖြစ်စေပြီး ၎င်းတို့အနေနဲ့ ရေတိုအကျိုးအမြတ်ရရှိရေးကို ပိုမို အာရုံစူးစိုက်နေရတဲ့အတွက် ရေရှည်မှသာ အကျိုးအမြတ်ရရှိမယ့်လုပ်ငန်းတွေကို လက်လွှတ် ဆုံးရှုံးရလေ့ ရှိတာပါဘဲ။

**ဘယ်လိုလုပ်သင့်သလဲ?**

ဒါကြောင့် စီးပွားရေးလုပ်ငန်းတစ်ခုနှင့်ပတ်သက်ပြီး ဘာမှအခြေမတည်ရသေးခင်မှာ အများပိုင် ကုမ္ပဏီအဖြစ် မထူထောင်ကြဖို့ပါဘဲ။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ အများ နှင့်မသက်ဆိုင်တဲ့ ကုမ္ပဏီတစ်ခုဟာ အစုရှယ်ယာရှင် ၅၀ အထိ ပါဝင်ခွင့်ရှိတဲ့ အတွက် စတင်ထူထောင်မယ့် လုပ်ငန်းသစ်တစ်ခုအတွက် လုံလောက်တဲ့ ရှယ်ယာရှင်များနဲ့ ဖွဲ့စည်း နိုင်ပါတယ်။ ဒီလိုဖွဲ့စည်းထားတဲ့ ကုမ္ပဏီတွေနဲ့ စီးပွားရေးလုပ်ငန်း အခြေတည်မိပြီး အကျိုး အမြတ် ပိုမိုရရှိဖို့ လုပ်ငန်းချဲ့ထွင်နိုင်ရန် လိုအပ်လာတဲ့အခါမှသာ အများပိုင်ကုမ္ပဏီအဖြစ် ပြောင်းသင့်မပြောင်းသင့် စဉ်းစားဆုံးဖြတ်ပြီး ဆောင်ရွက်သင့်ပါတယ်။ စီးပွားရေး လုပ်ငန်း သစ်တစ်ခုကို အများပိုင်ကုမ္ပဏီ ထူထောင်ပြီး စတင်ဆောင်ရွက်ခြင်းဟာ အန္တရာယ် ကြီးမား ပြီး အကျိုးအမြတ်ရနိုင်ခြေ နည်းပါးပါတယ်။

**မြန်မာအများပိုင်ကုမ္ပဏီများ**

မြန်မာပြည်မှာ ထူထောင်ထားတဲ့ အများပိုင်ကုမ္ပဏီ အများစုဟာ တိုက်ရိုက် အများပိုင် ထူထောင်ထားတဲ့ ကုမ္ပဏီတွေဖြစ်ပြီး အဆိုပါ ကုမ္ပဏီတွေဟာ စီးပွားရေးနဲ့ ပတ်သက်တဲ့ ဝင်ငွေအကျိုးအမြတ် သမိုင်းကြောင်း၊ ဈေးကွက်ဝေစုရရှိမှု၊ အနာဂတ် ဖွံ့ဖြိုးတိုးတက်မှုအလားအလာ ဘာမှ ခိုင်ခိုင်မာမာမရှိသေးဘဲ ထူထောင်ထားကြတာကို တွေ့ရပါတယ်။ ဒီကုမ္ပဏီတွေရဲ့ စွမ်းဆောင်ချက်ကိုလည်း ရေရေရာရာ မပြနိုင်ကြသေးတဲ့ အတွက် ဒီလိုအများပိုင် ကုမ္ပဏီတွေမှာဝင်ရောက် ရင်းနှီးမြှုပ်နှံကြတဲ့ အများပြည်သူအတွက် ရင်းနှီးမြှုပ်နှံမှုလုပ်ရတာနဲ့မတူဘဲ ထီထိုးရသလို ဖြစ်နေပါတယ်။ အများပြည်သူအနေနဲ့ အဆိုပါကုမ္ပဏီတွေရဲ့ ဈေးကွက်တန်ဖိုး၊ ရှယ်ယာတန်ဖိုးကို တိတိကျကျ မသိရဘဲ ဝင်ရောက် ရင်းနှီးမြှုပ်နှံနေရတာ အန္တရာယ်များလှပါတယ်။ မြန်မာနိုင်ငံလို စီးပွားရေးအသွင် ကူးပြောင်း ဆဲနိုင်ငံတစ်ခုအနေနဲ့ အများပိုင်ကုမ္ပဏီများ ဖွဲ့စည်းထူထောင်မှုအပေါ်မှာ အစိုးရပိုင်းကရော၊ အများပြည်သူကပါ အယူအဆအလွဲတွေ မပေါ်ပေါက်မိဖို့ အရေးကြီးလှပါတယ်။

*** ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့ (ဗုဒ္ဓဟူးနေ့) မြန်မာအလင်းသတင်းစာ စာမျက်နှာ ၆ တွင် ဖော်ပြပါရှိသော ဆောင်းပါး

## ဥပဒေအရ ဒါရိုက်တာများရဲ့တာဝန်များနှင့် ကောင်းမွန်တဲ့ ကော်ပိုရိတ်အုပ်ချုပ်မှုစနစ်

မောင်ငြိမ်းကာ

ဥပဒေအရ ဒါရိုက်တာများလိုက်နာရမယ့် တာဝန်များ သတ်မှတ်ချက်က မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအသစ်ရဲ့ အရေးကြီးတဲ့ အပိုင်းတစ်ခုဖြစ်ပါတယ်။ အဆိုပါတာဝန်တွေက ကုမ္ပဏီရဲ့ ဒါရိုက်တာများ အထူးသဖြင့် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများမှ ဒါရိုက်တာများ မဖြစ်မနေ လိုက်နာရမယ့် တာဝန်များကို တိကျစွာဖော်ပြထားခြင်း ဖြစ်ပါတယ်။ ဥပဒေအရ ဒါရိုက်တာများ လိုက်နာရမယ့်တာဝန်နဲ့ ပတ်သက်ပြီး ဆယ်စုနှစ်ပေါင်းများစွာ ပြင်ဆင်ပြောင်းလဲမှု မလုပ်ဘဲထားခဲ့ရာမှ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေမူကြမ်းမှာ ပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ မြန်မာနိုင်ငံ၌ မှတ်ပုံတင်ကုမ္ပဏီ အရေအတွက် တိုးတက်များပြားလာပြီး၊ Myanmar Securities Exchange Center လည်း တည်ထောင်ပြီးဖြစ်ရာ ဒါရိုက်တာများအနေနဲ့ လိုက်နာရမယ့် တာဝန်ဝတ္တရားများနဲ့ ကောင်းမွန်တဲ့ ကော်ပိုရိတ်အုပ်ချုပ်မှုစနစ် (Good Corporate Governance) ကို မဖြစ်မနေ သိရှိ နားလည်ရန် လိုအပ်လာပါတယ်။

ဥပဒေအရ ဒါရိုက်တာများ လိုက်နာရမယ့် တာဝန်များနဲ့ ကောင်းမွန်တဲ့ ကော်ပိုရိတ်အုပ်ချုပ်မှုစနစ်တို့ဟာ များစွာဆက်စပ်နေပါတယ်။ ကောင်းမွန်တဲ့ကော်ပိုရိတ် အုပ်ချုပ်မှုစနစ်ဟာ ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင်များ၊ အုပ်ချုပ်သူအရာရှိများနဲ့ အစုရှယ်ယာရှင်များကြား ဆောင်ရွက်မှုများနဲ့ သက်ဆိုင်နေပါတယ်။ ယင်းအဖွဲ့သုံးဖွဲ့ရဲ့ ပူးပေါင်းဆောင်ရွက်မှုတွေဟာ ကုမ္ပဏီရဲ့ ရေရှည် အောင်မြင်မှုရရန်အတွက် အလွန်အရေးကြီးပြီး ကုမ္ပဏီဝန်ထမ်းများ၊ ကုမ္ပဏီရဲ့ မြီရှင်များစတဲ့ Stakeholder များရဲ့ အကျိုးစီးပွားကိုလည်း ကာကွယ်နိုင်မှာပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် ကောင်းမွန်တဲ့ ကော်ပိုရိတ်အုပ်ချုပ်မှု ဖြစ်လာစေရေးမှာ ဒါရိုက်တာများက အဓိက အခန်းကဏ္ဍက ပါဝင်နေပါတယ်။

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပါ လိုက်နာရမယ့် တာဝန်ဝတ္တရားများကို ချိုးဖောက်ခြင်းဟာ ရာဇဝတ်မှု ကျူးလွန်ခြင်း (သို့မဟုတ်) ကျင့်ဝတ်ပျက်ယွင်းခြင်းကို ဖြစ်ပေါ်စေပါတယ်။ ကော်ပိုရိတ်အုပ်ချုပ်မှုစနစ် ပျက်ယွင်းပါက ကုမ္ပဏီရဲ့ဂုဏ်သတင်းကို ထိခိုက်စေမှာဖြစ်ပြီး၊ Stakeholder များရဲ့ အကျိုးစီးပွားကိုလည်း ထိခိုက်ပျက်ပြားစေမှာဖြစ်ပါတယ်။ ဒါ့ကြောင့် မြန်မာကုမ္ပဏီများမှ ဒါရိုက်တာများအနေနဲ့ ဥပဒေအရ လိုက်နာရမယ့် တာဝန်ဝတ္တရားများကို သေချာစွာသိရှိရန်လိုအပ်ပြီး၊ ကောင်းမွန်တဲ့ ကော်ပိုရိတ်အုပ်ချုပ်မှုစနစ်ကို အကောင်အထည်ဖော်ရန် အင်မတန် အရေးကြီးပါတယ်။

**ဒါရိုက်တာများရဲ့ ဥပဒေအရ တာဝန်များ**

အစုရှယ်ယာရှင်များကိုယ်စား ကုမ္ပဏီရဲ့အုပ်ချုပ်မှုတာဝန်များကို ထမ်းဆောင်ရန် အလို့ငှာ ရှယ်ယာရှင်များမှ ဒါရိုက်တာများကို ရွေးချယ်ခန့်အပ်ကြပါတယ်။ ဒါ့ကြောင့် ရှယ်ယာရှင်များနဲ့ ဒါရိုက်တာများကြားမှ ပူးပေါင်းဆောင်ရွက်မှုများကို တစ်ဦးအပေါ်တစ်ဦး ယုံကြည်မှုရှိရှိနဲ့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါရိုက်တာများ လိုက်နာရမယ့် တာဝန်ဝတ္တရားများကို အောက်ပါအတိုင်း လေးမျိုးခွဲခြားနိုင်ပါတယ် -

**ထိုက်သင့်သောဂရုပြုမှုနှင့်ဆောင်ရွက်ရန်တာဝန်**- ဒါရိုက်တာများဟာ စီမံခန့်ခွဲမှုများ ဆောင်ရွက်ရာမှာ ကုမ္ပဏီရဲ့အကျိုးစီးပွားအတွက်သာ ဆောင်ရွက်ရမှာဖြစ်ပြီး၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ အကျိုးအမြတ်နဲ့ ကင်းလွတ်အောင် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါရိုက်တာများရဲ့ ဆုံးဖြတ်ချက်တွေ ချမှတ်ရာမှာ အားလုံးကို အသိပေးဆုံးဖြတ်မှု ပြုရမှာ ဖြစ်ပါတယ်။

**လိုက်နာရန်တာဝန်** - ကုမ္ပဏီဟာ ဥပဒေကိုလိုက်နာရန် သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းတို့ကို လိုက်နာဖို့နဲ့ ဒါရိုက်တာအဖွဲ့ဝင်များ ရှယ်ယာရှင်များရဲ့ ဆုံးဖြတ်ချက်တွေကို လိုက်နာရန် ဒါရိုက်တာများမှ တာဝန်ယူဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

**သဘောရိုးဖြင့် ဆောင်ရွက်ရန်တာဝန်** - ဒါရိုက်တာများရဲ့ ဆောင်ရွက်ချက်များဟာ ကုမ္ပဏီ၏ အကျိုးစီးပွားအတွက် ယုံကြည်ထိုက်သော ဆောင်ရွက်မှုရှိရမှာဖြစ်ပြီး၊ ကိုယ်ကျိုးအတွက် ရှေးရှုခြင်းကို ရှောင်ရှားရမှာ ဖြစ်ပါတယ်။

**ထုတ်ဖော်ပြောဆိုရန် တာဝန်**- ဒါရိုက်တာများသည် တိကျ၊ ပြည့်စုံ မှန်ကန်ပြီး နောက်ဆုံး အခြေအနေနဲ့ကိုက်ညီတဲ့ သတင်းအချက်လက်တွေကို အစုရှယ်ယာရှင်များထံ အချိန်မှန်စွာ ပံ့ပိုးပေးရမှာ ဖြစ်ပါတယ်။

အထက်ပါမူဝါဒတွေဟာ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ ၁၉၁၄ အရ ကုမ္ပဏီ ဒါရိုက်တာများမှ လိုက်နာရမယ့် တာဝန်များကို အခြေခံအားဖြင့် ထည့်သွင်းထားခြင်း ဖြစ်ပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေမှာ ဒါရိုက်တာများအတွက် သီးခြား ကန့်သတ်ချက်များနဲ့ ကုမ္ပဏီကိုမှန်ကန်စွာ စီမံခန့်ခွဲနိုင်ဖို့လည်း ထည့်သွင်းပြဋ္ဌာန်း ထားပါတယ်။ ဥပမာအားဖြင့် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၈၆-င တွင် ကုမ္ပဏီတစ်ခုမှ ဒါရိုက်တာ တစ်ဦးဟာ အဆိုပါကုမ္ပဏီတွင် စီမံခန့်ခွဲသူဒါရိုက်တာရာထူး သို့မဟုတ် မန်နေဂျာ

သို့မဟုတ် ဥပဒေအကြံပေး သို့မဟုတ် အကြံပေးရာထူး တစ်မျိုးမျိုး ရယူထားခြင်းမှအပ ကုမ္ပဏီထံက အကျိုးအမြတ် ရယူခြင်း မပြုရန် ကာကွယ်ပေးထားပါတယ်။ပုဒ်မ ၈၆ - စ တွင်လည်း ကုန်ပစ္စည်းများ ဝယ်ယူခြင်း၊ ရောင်းချခြင်း တို့အတွက် စာချုပ်များချုပ်ဆိုရာတွင် ဒါရိုက်တာတစ်ဦးသည် အခြားဒါရိုက်တာများ၏ သဘောတူညီ ချက်ရရှိမှသာ ဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းထားပါတယ်။

အများနှင့်သက်ဆိုင်သော ကုမ္ပဏီများမှဒါရိုက်တာများ (အထူးသဖြင့် စာရင်းဝင်ကုမ္ပဏီများ)ဟာ ကုမ္ပဏီဥပဒေကို လိုက်နာရုံသာမက ငွေကြေးသက်သေခံလက်မှတ် ဥပဒေနှင့်နည်းဥပဒေများကိုလည်း လိုက်နာရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီများမှ ဒါရိုက်တာများဟာ အများနှင့်မသက်ဆိုင်သော ကုမ္ပဏီများမှ ဒါရိုက်တာများထက် ပိုမိုတင်းကြပ်တဲ့ စည်းကမ်းများကို လိုက်နာရမှာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၈၆-ဃ တွင် အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီမှ ဒါရိုက်တာတစ်ဦးသည် အခြားကုမ္ပဏီတစ်ခုသို့ ငွေချေးခြင်းသော်လည်းကောင်း၊ ချေးငှားခြင်းကို တာဝန်ခံခြင်း၊ အခြားအစုရှယ်ယာရှင်များ၏ သဘောထားမပါဘဲ ဆောင်ရွက်ခြင်း မပြုရန် တားမြစ်ထားပါတယ်။

**မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေတွင် ပြဋ္ဌာန်းထားသည့် ဒါရိုက်တာများရဲ့ ဥပဒေအရ တာဝန်များ**

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ပြဋ္ဌာန်းချက်တွေဟာ အခြားနိုင်ငံများနဲ့ နှိုင်းယှဉ်ပါက များစွာခေတ်နောက်ကျနေပါတယ်။ နိုင်ငံအများစုက ကုမ္ပဏီဥပဒေတွေမှာ ဒါရိုက်တာများ စီမံခန့်ခွဲရာမှာ ကုမ္ပဏီများရဲ့အကျိုးစီးပွားရရှိစေရေးအတွက် လိုအပ်တဲ့ ပြုပြင်ပြောင်းလဲမှုများကို ပြင်ဆင်ပြဋ္ဌာန်း ခဲ့ကြပါတယ်။ ၂၀၀၇ ခုနှစ် ကမ္ဘာ့စီးပွားရေးအကြပ်အတည်းကာလ နောက်ပိုင်းတွင် ပြုပြင်ပြောင်းလဲမှုများကို စနစ်တကျ ဆောင်ရွက်ခဲ့ကြပါတယ်။ ယင်းကာလမှာ ဘဏ်ကြီးများနှင့် ကုမ္ပဏီကြီးများဟာ ဥပဒေအရ ဒါရိုက်တာများလိုက်နာရမယ့် တာဝန်များနှင့် ကော်ပိုရိတ်အုပ်ချုပ်မှုကို ချိုးဖောက်ခဲ့ကြသည့်အတွက် ဥပဒေအရ အရေးယူမှုများ ဆောင်ရွက်ခဲ့ကြပါတယ်၊ ဒါ့ကြောင့် နိုင်ငံတကာမှာ ဒါရိုက်တာများရဲ့တာဝန်ဝတ္တရားများနဲ့ ကော်ပိုရိတ်အုပ်ချုပ်မှုစနစ်တို့ကို ထိန်းချုပ်တဲ့ ဥပဒေမူဘောင်တွေကို သိသာစွာပြောင်းလဲခဲ့ကြပါတယ်။

မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေမူကြမ်းမှာ ဒါရိုက်တာများရဲ့ တာဝန်ဝတ္တရားများကို နိုင်ငံတကာမှာ ကျင့်သုံးနေသည့် စံနှုန်းများနဲ့ လိုက်လျောညီထွေ ဖြစ်စေရေး ထည့်သွင်းရည်ရွယ်ရေးဆွဲထားပါတယ်။ ဥပဒေသစ်မှာ ခေတ်နှင့်လျော်ညီသည့် စည်းမျဉ်းများကို

ပြဋ္ဌာန်းထားပြီး မှတ်ပုံတင်ကုမ္ပဏီများ စီမံခန့်ခွဲမှုတွင် ကော်ပိုရိတ်အုပ်ချုပ်မှုစနစ် ပေါ်ထွန်းလာရေးအတွက် ရေးဆွဲထားခြင်းဖြစ်ပါတယ်။ ကုမ္ပဏီများမှ ၎င်းတို့၏ စီမံခန့်ခွဲမှု အရေးကိစ္စများကို လိုအပ်သလို ဆောင်ရွက်နိုင်စေပြီး၊ ပိုမိုခိုင်မာတဲ့ ဥပဒေဖြင့် ထိန်းကျောင်း ရန် အသေးစိတ် ပြဋ္ဌာန်းထားခြင်း ဖြစ်ပါတယ်။ ဥပဒေမူကြမ်းမှာ အစုရှယ်ယာရှင်များကို အကာအကွယ်ပေးထားတဲ့အချက်များ ပိုမိုထည့်သွင်းထားပြီး၊ ခိုင်မာတဲ့ဥပဒေ ဖြစ်စေရန် ပြဋ္ဌာန်းထားပါတယ်။

ဥပဒေမူကြမ်းတွင် ဒါရိုက်တာများလိုက်နာရမယ့် အောက်ပါတာဝန်များကို ပြဋ္ဌာန်းထားပါတယ်-

(၁) ထိုက်သင့်သော ဂရုပြုမှုဖြင့် လုံ့လဝီရိယဖြင့် ဆောင်ရွက်ရန်တာဝန်။

(၂) သဘောရိုးဖြင့် ဆောင်ရွက်ရန် တာဝန်။

(၃) ရာထူးနှင့် သတင်းအချက်အလက်များကို အလွဲအသုံးမပြုရန်တာဝန်။

(၄) အကျိုးအကြောင်းစဉ်းစားမှုမပြုပဲ ကုန်သွယ်ခြင်းမှ ရှောင်ကျဉ်ရန်တာဝန်။

(၅) ဥပဒေပါပြဋ္ဌာန်းချက်နှင့် ဖွဲ့စည်းပုံစည်းမျဉ်းများအား လိုက်နာရန် တာဝန်။

(၆) ကတိကဝတ်ပြုပြီး တာဝန်ရှိခြင်း မပေါ်ပေါက်စေရန် တာဝန်။

(၇) ပုဂ္ဂိုလ်ရေး အကျိုးအမြတ်တွေကို ထုတ်ဖော်ပြောဆိုရမည့် တာဝန်။

ဖော်ပြပါတာဝန်များဟာ ကိစ္စရပ်တစ်ခုချင်းစီကို အခြေမခံပဲ ဘုတ်အဖွဲ့ရဲ့ မူဝါဒများအပေါ် တွင်သာ အခြေခံထားတာဖြစ်ပါတယ်။ ယခင်က တရားရုံးဆိုင်ရာ အမှုကိစ္စရပ်များကို ညွှန်းဆိုပြီး ပုဒ်မတစ်ခုချင်းစီကို ရေးဆွဲထားခြင်းဖြစ်ပါတယ်။ ဒါရိုက်တာများ လိုက်နာရမယ့် တာဝန်များမှာ ကိစ္စတစ်ခုချင်းအပေါ်တွင် အခြေခံပြီး ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါရိုက်တာများဟာ ကိစ္စရပ်တိုင်းကို စဉ်းစားရာမှာ ရေရှည်အကျိုးကိုစဉ်းစားရမှာဖြစ်ပြီး ကုမ္ပဏီမှ ဝန်ထမ်းများ၊ ဖောက်သည်များ၊ စီးပွားဖက်များ၊ ပတ်ဝန်းကျင်နှင့် ကုမ္ပဏီရဲ့ ဂုဏ်သတင်းတို့အပေါ် အကျိုးသက်ရောက်မှုများကိုလည်း ထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်။

**ကောင်းမွန်တဲ့ ကော်ပိုရိတ်အုပ်ချုပ်မှုဖြစ်အောင် ဘယ်လိုအစပျိုးမလဲ?**

ကောင်းမွန်တဲ့ ကော်ပိုရိတ်အုပ်ချုပ်မှုဟာ ဒါရိုက်တာများရဲ့ ဥပဒေအရ တာဝန်များအပေါ် အခြေခံထားပြီး၊ ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကိုရရှိရန်၊ တိုးတက်မှုကို ရေရှည်ထိန်းသိမ်းနိုင်ရန် ရည်ရွယ်ပြီး ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ ဥပဒေအရ တာဝန်များကို လိုက်နာခြင်းသည် လွန်စွာအရေးကြီးပြီး စွဲစွဲမြဲမြဲ လိုက်နာဆောင်ရွက်ရန်လည်း လိုအပ်ပါတယ်။ စီမံခန့်ခွဲမှုကောင်းမွန်တဲ့ လုပ်ငန်းများဟာ စီးပွားရေးလောကမှာ နာမည်ရပြီး

ကောင်းမွန်စွာလုပ်ငန်း လည်ပတ်နိုင်မှာပဲ ဖြစ်ပါတယ်၊ ကော်ပိုရိတ်အုပ်ချုပ်မှုစနစ် အားနည်းတဲ့လုပ်ငန်းများကတော့ ဘဏ္ဍာရေး အကျပ်အတည်းနှင့် ရင်ဆိုင်ဖွယ်ရှိပြီး စွန့်စားရမှု မြင့်မားနေမှာပဲ ဖြစ်ပါတယ်။

ဒါ့ကြောင့် ဒါရိုက်တာများဟာ ကော်ပိုရိတ်အုပ်ချုပ်မှုစနစ်၊ မြန်မာနိုင်ငံကုမ္ပဏီဥပဒေသစ်တို့နှင့် အကျွမ်းတဝင် ရှိနေသင့်ပါတယ်။ မိမိကိုယ်ကျိုးစီးပွားနှင့် ကုမ္ပဏီ၏ အကျိုးစီးပွားချင်း ယှဉ်တွဲပြီး ပဋိပက္ခ ဖြစ်လာနိုင်သည့် အခါမျိုးမှာ စီမံခန့်ခွဲမှုစနစ်ကောင်းမွန်တဲ့အခါမှာ ပြည့်စုံသည့် သတင်းအချက် အလက်များကို အသုံးပြုပြီး အခက်အခဲများကို ရှောင်ရှားနိုင်မှာ ဖြစ်ပါ တယ်။

ဦးစွာအနေနဲ့ ကုမ္ပဏီရဲ့ သင်းဖွဲ့မှတ်တမ်း သင်းဖွဲ့စည်းမျဉ်းတို့ကို ပြန်လည်သုံးသပ်ရန်လိုအပ်ပြီး ကုမ္ပဏီဖွဲ့စည်းပုံနှင့် လုပ်ငန်းလိုအပ်ချက်ပေါ်မူတည်၍ ပြင်ဆင်မှုများ ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

**ထုတ်ဖော်ပြောဆိုခြင်းနှင့် ပွင့်လင်းမြင်သာမှု**

ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် လစဉ်သော်လည်းကောင်း၊ နှစ်စဉ် သော်လည်းကောင်း ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များအပြင် ဘဏ္ဍာရေးနှင့် မသက်ဆိုင်သော အခြား အချက်အလက်များကိုလည်း ဒါရိုက်တာများမှ ထုတ်ဖော်ပြောဆိုရမှာဖြစ်ပါတယ်။ ဒါ့ပြင် ပွင့်လင်းမြင်သာတဲ့ မူဝါဒများကို ထုတ်ဖော်ပြောကြားခြင်းဖြင့် ကုမ္ပဏီအနေနဲ့ လိုက်လျောခွင့်ပြုနိုင်တဲ့ အခြေအနေနှင့် ခွင့်မပြုနိုင်တဲ့ အခြေအနေတို့ကို ရှင်းရှင်းလင်းလင်း ပြောကြားထားသင့်ကြောင်း အကြံပြုလိုပါတယ်။ ကုမ္ပဏီဝက်ဘ်ဆိုက် တည်ထောင်ထားပြီး သတင်းအချက်အလက်များလည်း ပြည့်စုံစွာ ဖော်ပြထားသင့်ကြောင်း အကြံပြုလိုပါတယ်။

**ဒါရိုက်တာ ဘုတ်အဖွဲ့၏ တာဝန်ဝတ္တရားများ**

ဒါရိုက်တာဘုတ်အဖွဲ့တွင် အစုရှယ်ယာရှင်များကို တာဝန်ခံသည့် ဒါရိုက်တာများ နှင့် သီးခြားခန့်အပ်ထားသည့် ဒါရိုက်တာများ ပါဝင်ဖွဲ့စည်းသင့်ပါတယ်။ အကောင်းဆုံး အခြေအနေမှာ ဘုတ်အဖွဲ့ဝင် ၅ ဦးမှ ၁၂ ဦးပါဝင်ဖွဲ့စည်းပြီး၊ ဘုတ်အဖွဲ့ဝင်များမှာလည်း ကွဲပြားတဲ့ တာဝန်ပေးမှုနဲ့ ဖွဲ့စည်းသင့်ပါတယ်။ ဥက္ကဋ္ဌ၊ ဗဟိုအလုပ်အမှုဆောင်၊ အမည် တင်သွင်းခြင်းနှင့်လျော်ကြေးပေးချေခြင်း ကော်မတီ ( ငွေကြေးဈေးကွက်တွင် စာရင်းဝင် ကုမ္ပဏီများအတွက်) အစရှိသဖြင့် တာဝန်သီးခြားစီ ခွဲခြားထားသင့်ပြီး၊ တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်တဲ့ ဘုတ်အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းသင့်ပါတယ်။

**အစုရှယ်ယာရှင်များရဲ့ အခွင့်အရေး**

ဒါရိုက်တာများဟာ အစုရှယ်ယာရှင်များရဲ့ အခွင့်အရေးများကို ကာကွယ်ရန် တာဝန်ရှိပြီး အစုရှယ်ယာရှင်များမှ အစည်းအဝေးသို့ တက်ရောက်ရန် မည်သည့်တား မြစ်ချက်မှမရှိစေသင့်ပဲ တက်ကြွစွာပါဝင်စေရန် အားပေးသင့်ပါတယ်။ ယင်းသို့ပါဝင်တက် ရောက်စေခြင်းအားဖြင့် အဆိုပြုချက်များ တင်ပြခွင့်ရရှိစေမှာဖြစ်ပါတယ်။ အစည်းအဝေးမှာ အမေးအဖြေပြုလုပ်တဲ့ အချိန်ကိုလည်း လုံလောက်စွာပေးသင့်ပြီး အစည်းအဝေးမှတ်တမ်းကို လည်း အသေးစိတ်မှတ်တမ်းတင်ထား သင့်ပါ တယ်။ ထို့အပြင် ဆုံးဖြတ်ချက်များကိုလည်း ကုမ္ပဏီ ဝက်ဘ်ဆိုက်တွင် ထုတ်ဖော်ရေးသား သင့်ပါတယ်။

**အစုရှယ်ယာရှင်များကြား တန်းတူဆက်ဆံခြင်း**

ဒါရိုက်တာများဟာ အစုရှယ်ယာရှင်များအကြား ခွဲခြားမှုမရှိဘဲ ဆက်ဆံသင့်ပါတယ်။ အစု ရှယ်ယာအနည်းငယ်သာပိုင်ဆိုင်သည့် အစုရှယ်ယာရှင်များကိုလည်း အစည်းအဝေးများ တက်ရောက် စေသင့်ပြီး ယင်းသို့တက်ရောက်စေခြင်းကြောင့် ဒါရိုက်တာများအနေနဲ့ ကိုယ် ကျိုးအတွက် ဆောင်ရွက်ခြင်းနဲ့ အတွင်းသတင်းများဖြင့် ကိုယ်ကျိုးရှာခြင်းကို ကာကွယ် နိုင်မှာပဲ ဖြစ်ပါတယ်။

အကောင်းဆုံးလုပ်ဆောင်နိုင်တဲ့နည်းလမ်းကတော့ ဥပမာအားဖြင့် အစုရှယ်ယာ အနည်းငယ်သာ ပိုင်ဆိုင်တဲ့ ရှယ်ယာရှင်များကို အတွင်းသတင်းများကို တလွဲအသုံးပြု ကိုယ်ကျိုးရှာခြင်း မပြုရန် ဒါရိုက်တာများရဲ့ စဉ်းစားစီမံဆောင်ရွက်မှုတွေ မပေါက်ကြားစေဖို့ စာဖြင့်ရေးသား စည်းကမ်းကန့်သတ်ကာ ဒါရိုက်တာအဖြစ် အမည်စာရင်းတင်သွင်း ခွင့်ပြု နိုင်ပါတယ်။

**Stakeholder များရဲ့ အခန်းကဏ္ဍ**

ဒါရိုက်တာများသည် Stakeholder များဖြစ်တဲ့ ဖောက်သည်များ၊ ဝန်ထမ်းများ၊ စီးပွားဖက်များ၊ မြို့ရှင်များ၊ ရှယ်ယာရှင်များ၊ လူမှုအသိုက်အဝန်း၊ အစိုးရ၊ ပြိုင်ဖက်များနှင့် စာရင်းစစ်များ အစရှိသူတို့ကို လေးစားစွာနဲ့ ပူးပေါင်းဆောင်ရွက်ရမှာပဲ ဖြစ်ပါတယ်။ Stakeholder အသီးသီးသို့ ဆက်သွယ်ဆောင်ရွက်မယ့် မူဝါဒများကို ရှင်းရှင်းလင်းလင်း ချမှတ်ထားရန် လိုအပ်ပြီး၊ အငြင်းပွားမှု တစ်စုံတစ်ရာဖြစ်လာပါက သို့မဟုတ် ဥပဒေနှင့် မလျော်ညီသော အများသူငှာ လက်မခံနိုင်သည့် အပြု အမူများဖြစ်လာပါက အလွယ်တကူ တင်ပြနိုင်မဲ့ နည်းလမ်းများကို ကြိုတင်စီမံ ဆောင်ရွက်ပေးထားရန် လိုအပ်ချက်များဖြစ် ကြောင်း တင်ပြလိုက်ရပါတယ်။

*** **၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက် ကြေးမုံသတင်းစာ စာမျက်နှာ ၆ တွင် ဖော်ပြပါရှိ သော ဆောင်းပါး**

## မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ ကုမ္ပဏီများရဲ့ ယေဘုယျလိုအပ်ချက်များ

မောင်ဋ္ဌေးကာ

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ ၁၉၁၄ အရ ကုမ္ပဏီဖွဲ့စည်းမှတ်ပုံတင်ရာတွင် ကုမ္ပဏီများမှ လိုက်နာရမယ့် လိုအပ်ချက်များစွာရှိပါတယ်။ ယင်းသို့ဥပဒေအရ လိုအပ်ချက်များ သတ်မှတ်ထားရခြင်းက ကုမ္ပဏီရေးရာ ကိစ္စရပ်များကို ကောင်းမွန်စွာ စီမံခန့်ခွဲမှု ရှိစေဖို့နဲ့ အစုရှယ်ယာရှင်များအတွက် ပွင့်လင်းမြင်သာစွာ ထုတ်ဖော်ပြောကြားမှုရှိစေဖို့အတွက် သတ်မှတ်ပြဋ္ဌာန်းပေးထားရခြင်း ဖြစ်ပါတယ်။

ကုမ္ပဏီဒါရိုက်တာများနဲ့ မန်နေဂျာများမှ ယင်းလိုအပ်ချက်တွေကို ကောင်းမွန်စွာ နားလည်ပြီး လိုက်နာကျင့်သုံးရမှာ ဖြစ်ပါတယ်။ ဥပဒေအရ လိုအပ်ချက်များကို လိုက်နာဖို့ ပျက်ကွက်ပါက ဥပဒေကို ချိုးဖောက်ခြင်းဖြစ်ပြီး ကုမ္ပဏီအပေါ် ဥပဒေအရ တာဝန်ရှိလာမှာ ဖြစ်ပါတယ်။ အချို့သောကိစ္စရပ်တွေမှာ ဒါရိုက်တာများ ဥပဒေချိုးဖောက်ခြင်းတဲ့အတွက် ယင်းဒါရိုက်တာများ အုပ်ချုပ်တဲ့ ကုမ္ပဏီမှ ပေးရန်တာဝန်များ ဖြစ်ပေါ်နိုင်ပါတယ်။

ယခု ဆောင်းပါးမှာ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပါဥပဒေအရ လိုအပ်ချက်များကို တင်ပြမှာ ဖြစ်ပါတယ်။ ယင်းဥပဒေအရ လိုအပ်ချက်များကို လက်ရှိမူကြမ်းရေးဆွဲပြီး၊ လွှတ်တော်ကို တင်ပြထားတဲ့ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေသစ်မှာလည်း ထည့်သွင်းရေးဆွဲထားပါတယ်။ လက်ရှိအက် ဥပဒေအရသော်လည်းကောင်း အသစ်ရေးဆွဲနေတဲ့ ဥပဒေမူကြမ်းအရသော်လည်းကောင်း ကုမ္ပဏီမှတ်ပုံတင်ရုံးအဖြစ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန(DICA)မှ ဆောင်ရွက်ရပါတယ်။ DICA သည် မြန်မာနိုင်ငံမှ ကုမ္ပဏီများကို မှတ်ပုံတင်ပေးရန် တာဝန်ရှိပြီး၊ ကုမ္ပဏီများမှ တင်ပြတဲ့ မှတ်တမ်းများကို မှတ်တမ်းပြု ထိန်းသိမ်းရပါတယ်။

မည်သို့ပင်ဆိုစေကာမူ ကုမ္ပဏီများကြား သို့မဟုတ် အစုရှယ်ယာရှင်များကြား ဖြစ်ပွားတဲ့ အငြင်းပွားမှုများနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များကို ဖြေရှင်းပေးဖို့ကိုတော့ DICA က ဆောင်ရွက်ပေးနိုင်ခြင်း မရှိဘဲ သက်ဆိုင်ရာ အဖွဲ့အစည်း သို့မဟုတ် တရားရုံးတွင်သာ ဖြေရှင်းရမှာ ဖြစ်ပါတယ်။ အထူးသဖြင့် သင်းဖွဲ့စည်းမျဉ်း သင်းဖွဲ့မှတ်တမ်းပါ စည်းကမ်းချက်များကို ဖောက်ဖျက်ပါက ကုမ္ပဏီနှင့် ရှယ်ယာရှင်များကြား ဖြစ်ပွားတဲ့ ပုဂ္ဂလိက ကိစ္စရပ်သာဖြစ်ပြီး တရားရုံးတွင်သာ ဖြေရှင်းရမှာ ဖြစ်ပါတယ်။

**အစုရှယ်ယာရှင်များရဲ့ အထွေထွေအစည်းအဝေးကျင်းပခြင်း**

ကုမ္ပဏီများဟာ ပြက္ခဒိန်နှစ် တစ်နှစ်လျှင် တစ်ကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေး တစ်ရပ်ကို ကျင်းပရမှာ ဖြစ်ပါတယ်။

ကုမ္ပဏီများဟာ ယင်းကုမ္ပဏီကို စတင်ဖွဲ့စည်းတည်ထောင်တဲ့ နေ့ရက်မှ (၁၈)လအတွင်းမှာ ပထမဆုံး နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို ကျင်းပရမှာဖြစ်ပါတယ်။ နောက်ပိုင်းတွင် ပြက္ခဒိန်နှစ်တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ်ကျင်းပရမှာဖြစ်ပြီး နောက်ဆုံးအကြိမ်ခေါ်ယူကျင်းပခဲ့သည့် နှစ်ပတ်လည် အထွေထွေအစည်းအဝေးမှ (၁၅)လထက်မပိုသောကာလအတွင်း ကျင်းပရမှာ ဖြစ်ပါတယ်။

နှစ်ပတ်လည်အထွေထွေအစည်းအဝေးအပြင် အစုရှယ်ယာရှင်များမှ သီးခြားကိစ္စရပ်များအတွက် မဲခွဲဆုံးဖြတ်ရန် လိုအပ်တဲ့အခါ "အထူးအထွေထွေအစည်းအဝေး"ကိုလည်း ခေါ်ယူကျင်းပနိုင်ပါတယ်။

အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများကတော့ ကုမ္ပဏီဖွဲ့စည်းတည်ထောင်တဲ့နေ့မှစ၍ (၆) လအတွင်း အစုရှယ်ယာရှင်များပါဝင်တဲ့ အထွေထွေအစည်းအဝေးတစ်ရပ်ကို ကျင်းပရမှာဖြစ်ပြီး ယင်းအစည်းအဝေးကို "ဥပဒေအရ လိုက်နာကျင်းပရသည့် ကုမ္ပဏီအစည်းအဝေး"ဟု ခေါ်ပါတယ်။ ကုမ္ပဏီမှ ယင်းအစည်းအဝေးအတွက် အစီရင်ခံစာတစ်စောင်ကို ပြုစုရမည်ဖြစ်ပြီး DICA တွင် မှတ်တမ်း ထားရှိရမှာ ဖြစ်ပါတယ်။

**နှစ်ပတ်လည် အစီရင်ခံစာ တင်သွင်းခြင်း**

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ မှတ်ပုံတင်ထားတဲ့ကုမ္ပဏီတိုင်းဟာ နှစ်စဉ်နှစ်တိုင်း နှစ်ပတ် လည် အစီရင်ခံစာ (ပုံစံ ၈) ကို DICA သို့ တင်ပြရမှာ ဖြစ်ပါတယ်။

အကယ်၍ ကုမ္ပဏီမှ နှစ်ပတ်လည် အစီရင်ခံစာအား ပထမဆုံးအထွေထွေအစည်းအဝေးကျင်းပပြီး (၂၁) ရက်အတွင်း တင်ပြရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊ ကုမ္ပဏီမှ လုပ်ငန်းဆောင်ရွက်ခြင်း မရှိဟု DICA မှ ကျေနပ်ဖွယ်ယူဆလျှင် သော်လည်းကောင်း ယင်းကုမ္ပဏီကို DICA ၏ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်နိုင်ပါတယ်။

**ဘဏ္ဍာရေးဆိုင်ရာမှတ်တမ်းများနှင့် စာရင်းများ ထိန်းသိမ်းထားရှိခြင်း**

ကုမ္ပဏီတိုင်းဟာ ဘဏ္ဍာရေးဆိုင်ရာမှတ်တမ်းများနှင့် စာရင်းများကို အချိန်နှင့်တပြေးညီထားရှိရမှာဖြစ်ပြီး ဒါမှသာ ကုမ္ပဏီရဲ့လုပ်ငန်းစွမ်းဆောင်မှုနဲ့ ဘဏ္ဍာရေးအခြေအနေများကို ရှင်းလင်း တင်ပြ နိုင်မှာ ဖြစ်ပါတယ်။

ယင်းသို့ ဘဏ္ဍာရေးဆိုင်ရာစာရင်းများအား မှတ်တမ်းရေးသွင်းခြင်းကြောင့် တိကျမှန်ကန်ပြည့်စုံတဲ့ ဘဏ္ဍာရေးရှင်းတမ်းများကို ပြင်ဆင်ရေးဆွဲ နိုင်မှာဖြစ်ပါတယ်၊ လိုအပ်ပါက စာရင်းစစ်ဆေးမှု ခံယူနိုင်မှာ ဖြစ်ပြီး၊ အခွန်ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

ကုမ္ပဏီများအားလုံးတွင် ထိန်းသိမ်းထားရှိရမည့် ဘဏ္ဍာရေးဆိုင်ရာ မှတ်တမ်းများနှင့် စာရင်းများမှာ အောက်ပါအတိုင်း ဖြစ်ပါတယ် -

ကုမ္ပဏီရဲ့ ဝင်ငွေနဲ့ အသုံးစရိတ်များကို သိရှိနိုင်စေမယ့် စုစုပေါင်း လက်ခံရရှိငွေနှင့် သုံးစွဲငွေ ဆိုင်ရာမှတ်တမ်းများ၊

ကုမ္ပဏီရဲ့ ကုန်ရောင်း၊ ကုန်ဝယ်နှင့် ဝန်ဆောင်မှုဆိုင်ရာ မှတ်တမ်းများ၊

ကုမ္ပဏီရဲ့ ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များစာရင်း၊

အခြားဘဏ္ဍာရေးဆိုင်ရာမှတ်တမ်းများဖြစ်တဲ့ ဘဏ်စာရင်းရှင်းတမ်းများ၊ ငွေပေးချေမှု ဆိုင်ရာပြေစာများနှင့် ငွေလက်ခံပြေစာများ၊ ငွေသားမှတ်တမ်းများ၊ ဝန်ထမ်းများသို့ လစာပေးချေမှုများနှင့် အခြားခံစားခွင့်များအတွက် ပေးချေမှုများ၊ ကုန်လက်ကျန်စာရင်း များ၊ အခွန်ပြေစာများနှင့် ဘဏ္ဍာရေး အစီရင်ခံစာရေးဆွဲရာတွင် လိုအပ်တဲ့ အခြားအထောက် အထား စာရွက်စာတမ်းများကို ထိန်းသိမ်း ထားရှိရန် လိုအပ်ပါတယ်။

ယင်းမှတ်တမ်းများကို DICA မှတ်ပုံတင်ရုံးတွင် ထိန်းသိမ်းထားရှိခြင်း သို့မဟုတ် ဒါရိုက်တာများမှ သင့်တော်သည်ဟုယူဆတဲ့ နေရာတစ်ခုခုတွင်လည်း ထိန်းသိမ်းထားရှိနိုင်မှာ ဖြစ်ပါတယ်။ အကယ်၍ ဘဏ္ဍာရေးဆိုင်ရာ မှတ်တမ်းများရေးဆွဲခြင်းနှင့် ထိန်းသိမ်းထား ရှိခြင်းနှင့် စပ်လျဉ်း၍ သံသယရှိပါက ကုမ္ပဏီဒါရိုက်တာများက ကျွမ်းကျင်ပညာရှင်များထံမှ အကြံဉာဏ်များထံ တောင်းခံသင့်ပါတယ်။

**ဘဏ္ဍာရေးဆိုင်ရာ စာရင်းများရေးဆွဲခြင်းနှင့် စာရင်းစစ်ဆေးခြင်း**

ကုမ္ပဏီစတင်ဖွဲ့စည်းတည်ထောင်တဲ့ နေ့မှ (၁၈)လအတွင်းနဲ့ နောင်နှစ်များမှာ နှစ်စဉ် တစ်ကြိမ်စီကျင်းပတဲ့ အထွေထွေအစည်းအဝေးမှာ ကုမ္ပဏီကရေးဆွဲထားတဲ့ ကုမ္ပဏီ၏ လက်ကျန်ရှင်းတမ်း၊ အရှုံးအမြတ်စာရင်းနှင့်အတူ စာရင်းစစ်အစီရင်ခံစာတို့ကို အစုရှယ်ယာ ရှင်များထံ တင်ပြရမှာ ဖြစ်ပါတယ်။

ဒါ့အပြင် ကုမ္ပဏီဒါရိုက်တာများမှ အမြတ်ဝေစုများ ခွဲဝေခြင်းအတွက် အကြံပြုချက်များ ပါဝင်တဲ့ ကုမ္ပဏီရေးရာကိစ္စရပ်များအစီရင်ခံစာ (ဒါရိုက်တာများရဲ့အစီရင်ခံစာ)ကိုလည်း ပြုစုရမှာ ဖြစ်ပါ တယ်။ ဒါရိုက်တာများရဲ့အစီရင်ခံစာကို ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် ကုမ္ပဏီဒါရိုက်တာ အားလုံးမှ လက်မှတ်ရေးထိုးရမှာ ဖြစ်ပါတယ်။

အများနှင့်သက်ဆိုင်တဲ့ကုမ္ပဏီများက လက်ကျန်ရှင်းတမ်း၊ အရှုံးအမြတ်စာရင်း၊ ဒါရိုက်တာ များရဲ့ အစီရင်ခံစာနှင့် စာရင်းစစ်အစီရင်ခံစာတို့ကို အစုရှယ်ယာရှင်များတက် ရောက်တဲ့

အထွေထွေအစည်းအဝေးမှာ တင်ပြရမှာဖြစ်ပြီး ကုမ္ပဏီအဖွဲ့ဝင်တိုင်းသို့ အစည်းအဝေး မကျင်းပမီ (၁၄)ရက် ကြိုတင်ပြီး ပေးပို့ထားရမှာ ဖြစ်ပါတယ်။

အများနှင့်သက်ဆိုင်တဲ့ကုမ္ပဏီများဟာ အထွေထွေအစည်းအဝေးမှာ တင်ပြခဲ့တဲ့ လက်ကျန် ရှင်းတမ်းနှင့် နှစ်ပတ်လည် အစီရင်ခံစာ(ပုံစံ ၄) မိတ္တူတစ်စုံတို့ကို DICA သို့ မှတ်ပုံ တင်ရန်ပေးပို့ထားရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ စာရင်းစစ် လိုအပ်ချက် များနဲ့ ဘဏ္ဍာရေးဆိုင်ရာ စာရင်းများအပေါ် ကုမ္ပဏီဒါရိုက်တာများက သံသယ တစ်စုံတစ်ရာရှိပါက ကျွမ်းကျင်သူပညာရှင်များထံမှ အကြံဉာဏ်များလည်း ရယူသင့် ပါတယ်။

## မှတ်ပုံတင်ရုံးတွင် ထိန်းသိမ်းထားရှိခြင်းနှင့် ကုမ္ပဏီအမည်ကို အသုံးပြုခြင်း

ကုမ္ပဏီတိုင်းက မြန်မာနိုင်ငံအတွင်းမှာ မှတ်ပုံတင်လိပ်စာအတိုင်း ရုံးခန်းဖွင့်လှစ်ရမှာ ဖြစ်ပါတယ်။ သို့မှသာ ကုမ္ပဏီအားလုံးသို့ ဆက်သွယ်ဆောင်ရွက်နိုင်မှာဖြစ်ပြီး ညွှန်ကြား ချက်များကိုလည်း ပေးပို့နိုင်မှာ ဖြစ်ပါတယ်။

ကုမ္ပဏီများက ကုမ္ပဏီရဲ့အမည်ကို အောက်ဖော်ပြပါ နေရာများမှာ သိသာထင်ရှားစွာ ဖော်ပြရမှာပဲ ဖြစ်ပါတယ် -

- ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်ရာရုံးခန်း သို့မဟုတ် တည်ရှိရာနေရာတွင် ကုမ္ပဏီရဲ့ အမှတ်အသားကို အလွယ်တကူ မြင်သာထင်သာရှိစွာဖြင့် ထားရှိ ရခြင်း။
- ကြေညာချက်များ၊ ကြော်ငြာများ၊ အခြားသော တရားဝင်ပုံနှိပ်ဖြန့်ချိမှုများ၊ ကုန်ရောင်း ကုန်ဝယ်ပြေစာများ၊ ငွေလက်ခံပြေစာများနှင့် DICAမှာ မှတ်တမ်း တင်ထားတဲ့ စာရွက်စာတမ်းများ အပါအဝင် အများပြည်သူသိရှိနိုင်ရန် ထုတ်ဝေ သည့် အထောက်အထား စာရွက်စာတမ်းများမှာ ဖော်ပြရခြင်း။
- ကုမ္ပဏီရဲ့ တံဆိပ်တုံးပေါ်တွင် ဖော်ပြရခြင်း။

## ကုမ္ပဏီမှတ်တမ်းစာအုပ်များနှင့် မှတ်ပုံတင်စာရင်းများထိန်းသိမ်းခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ ကုမ္ပဏီတိုင်းက မှတ်တမ်းစာအုပ်များနှင့် မှတ်ပုံ တင်စာရင်းများကို အချိန်နှင့်တပြေးညီ စာရင်းရေးသွင်းပြီး ထိန်းသိမ်းထားရှိရမှာ ဖြစ်ပါ တယ်။ ကုမ္ပဏီမှတ်တမ်း စာရွက်စာတမ်းများကို DICA ရုံးတွင် မှတ်တမ်းပေးပို့ ထိန်းသိမ်း ထားတဲ့အပြင် ကုမ္ပဏီမှလည်း မူရင်း အထောက်အထားစာရွက်စာတမ်းများကို ထိန်းသိမ်း ထားဖို့လိုအပ်ပါတယ်။ ဒါ့ပြင် အချိန်နှင့်တပြေးညီ စာရင်းရေးသွင်းရန်လည်း လိုအပ်ပါတယ်။

DICA တွင် မှတ်တမ်းထိန်းသိမ်းသည့် အထောက်အထားများကို မူရင်းသော်လည်းကောင်း မိတ္တူသော်လည်းကောင်း ထားရှိနိုင်ပါတယ်။

ကုမ္ပဏီမှ ဥပဒေအရ ထိန်းသိမ်းထားရမယ့် မှတ်ပုံတင်စာရင်းများနှင့် မှတ်တမ်းများကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ် -

**အဖွဲ့ဝင်များကို မှတ်ပုံတင်ခြင်း ( အစုရှယ်ယာ မှတ်ပုံတင်ခြင်း)**

အဖွဲ့ဝင်များ မှတ်ပုံတင်ရာတွင် အစုရှယ်ယာရှင်များ၏ အမည်များ၊ နေရပ်လိပ်စာများ၊ နိုင်ငံသားနှင့် အလုပ်အကိုင်၊ အစုရှယ်ယာရှင်များ ပိုင်ဆိုင်တဲ့ အစုအရေအတွက်၊ အစုရှယ်ယာရှင် တစ်ဦးချင်း ထည့်ဝင်ထားတဲ့ တန်ဖိုးအစု၊ အစုရှယ်ယာရှင် စတင်မှတ်တမ်းတင်တဲ့ နေ့ရက်နှင့် အစုရှယ်ယာစွန့်လွှတ်တဲ့ နေ့ရက်အစရှိသည်တို့ဖြစ်ပါတယ်။

**ဒါရိုက်တာများအား မှတ်ပုံတင်ခြင်း**

ဒါရိုက်တာများရဲ့ အမည်အပြည့်အစုံ၊ နေရပ်လိပ်စာ၊ နိုင်ငံသားနှင့် လုပ်ငန်းအလုပ်အကိုင်နှင့် အခြားကုမ္ပဏီများတွင် ဒါရိုက်တာအဖြစ် ပါဝင်နေမှုအခြေအနေများကို မှတ်ပုံတင်ရမှာ ဖြစ်ပါတယ်။

**ကုမ္ပဏီပိုင်ပစ္စည်းများနှင့် စပ်လျဉ်းတဲ့ အာမခံထားမှုများအား မှတ်ပုံတင်ခြင်း**

အကယ်၍ ကုမ္ပဏီပိုင်ပစ္စည်းများကို အပေါင်ပစ္စည်းအဖြစ်ထားရှိခြင်းနဲ့ အာမခံထားမှုများ ဆောင်ရွက်လျှင် မှတ်ပုံတင်ထားရှိရမှာ ဖြစ်ပါတယ်။

**အစည်းအဝေးမှတ်တမ်းများနှင့် ဆုံးဖြတ်ချက်များ**

အစုရှယ်ယာရှင်များ အစည်းအဝေး ဆုံးဖြတ်ချက်များနဲ့ ဒါရိုက်တာများရဲ့ အစည်းအဝေးမှတ်တမ်းနဲ့ ဆုံးဖြတ်ချက်များကို ကုမ္ပဏီတွင် ထိန်းသိမ်းထားရပါမယ်။ အစည်းအဝေးမှတ်တမ်းကို အစည်းအဝေးဥက္ကဋ္ဌမှ လက်မှတ်ရေးထိုးရမှာ ဖြစ်ပါတယ်။

**သင်းဖွဲ့မှတ်တမ်း နှင့် သင်းဖွဲ့စည်းမျဉ်း**

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ သင်းဖွဲ့မှတ်တမ်း သင်းဖွဲ့စည်းမျဉ်း မိတ္တူများကို ထိန်းသိမ်းဖို့ လိုအပ်ပါတယ်။ အဆိုပါ သင်းဖွဲ့မှတ်တမ်း သင်းဖွဲ့စည်းမျဉ်းတို့ဟာ အစုရှယ်ယာရှင်များ၊ ဒါရိုက်တာများနှင့် ကုမ္ပဏီတို့အကြား ချည်နှောင်ထားတဲ့ အရေးကြီးတဲ့ စာရွက်စာတမ်းများ ဖြစ်ပါတယ်။ ယင်းအထောက်အထား မှတ်တမ်းပါ အချက်အလက်များကို ပြင်ဆင်လိုပါက အစုရှယ်ယာရှင်များရဲ့ အထူး

ဆုံးဖြတ်ချက်တင်ပြဖို့ လိုအပ်ပါတယ်။ မြန်မာနိုင်ငံ ကုမ္ပဏီဥပဒေ(မူကြမ်း)တွင် သင်းဖွဲ့ မှတ်တမ်း သင်းဖွဲ့စည်းမျဉ်းအစား "ကုမ္ပဏီဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း" တစ်ခုတည်းသာ ထားရှိရမှာ ဖြစ်ပါတယ်။

ကုမ္ပဏီများက မြန်မာနိုင်ငံကုမ္ပဏီအက်ဥပဒေအရ ၎င်းတို့ကိုယ်တိုင် အစုရှယ်ယာရှင် မှတ်ပုံတင်စာရင်းကို ထားရှိရမှာ ဖြစ်ပါတယ်။ DICA မှ ထိန်းသိမ်းထားတဲ့ ကုမ္ပဏီ တစ်ခုချင်းစီအတွက် အသေးစိတ်အချက်အလက်များဟာ ကုမ္ပဏီရဲ့လိုအပ်ချက်အရ ၎င်းတို့ကိုယ်တိုင်ထိန်းသိမ်း ထားရှိရမယ့် မှတ်ပုံတင်စာအုပ်များနှင့် မှတ်တမ်းများကို အစားထိုးခြင်း မဟုတ်ပါ။

ကုမ္ပဏီဖွဲ့စည်းတည်ထောင်ပြီးတာနှင့်တပြိုင်နက် ကုမ္ပဏီများဟာ ဥပဒေအရ သီးခြားရပ်တည်တဲ့ အဖွဲ့အစည်းများ ဖြစ်ပြီး ဆက်လက်ဆောင်ရွက်မဲ့ ကိစ္စရပ်များအားလုံးကို ဥပဒေအရ လိုအပ်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ကုမ္ပဏီများအက်ဥပဒေနှင့် မကြာမီအသက်ဝင်တော့မယ့် ကုမ္ပဏီဥပဒေအသစ်တို့မှာလည်း ကုမ္ပဏီများဟာ စာရင်းများနှင့်မှတ်တမ်းများ ထိန်းသိမ်းထားရှိရန်လိုကြောင်း ပြဋ္ဌာန်းထားပါတယ်။ ဒါရိုက်တာများနဲ့မန်နေဂျာများဟာ ဥပဒေဆိုင်ရာ လိုအပ်ချက်များကို သိရှိနားလည်ရန်လိုအပ်ပြီး လိုက်နာဆောင်ရွက်ဖို့လည်း လိုအပ်ပါတယ်။

ဒ့ါအပြင် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေမှာဆိုရင် ကုမ္ပဏီတွေက မိမိလုပ်ငန်းဆောင်ရွက်တဲ့ စီးပွားရေး ကဏ္ဍအလိုက် သီးခြားပြဋ္ဌာန်းထားတဲ့ သက်ဆိုင်ရာဥပဒေတွေကိုလည်း လိုက်နာရမှာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် ဘဏ်လုပ်ငန်းလုပ်ကိုင်တဲ့ ကုမ္ပဏီတွေက ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများဥပဒေ ၂၀၁၆ ကိုလိုက်နာရမှာဖြစ်ပြီး၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း လုပ်ကိုင်တဲ့ ကုမ္ပဏီတွေက ငွေချေးသက်သေခံလက်မှတ်ဥပဒေ ၂၀၁၃ နှင့် ယင်းဥပဒေအရ နည်းဥပဒေ နှင့် လုပ်ထုံးလုပ်နည်း များကိုလည်း လိုက်နာဖို့ လိုအပ်ပါတယ်။ ယင်းဥပဒေတွေကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကြီးကြပ်ပြီး၊ ကုမ္ပဏီများမှလည်း အဆိုပါဥပဒေများအရ လိုအပ်ချက်တွေကို သိရှိနားလည်ပြီး လိုက်နာဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

*** ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၆ တွင်ဖော်ပြပါရှိသော ဆောင်းပါး



မြန်မာ့ကုမ္ပဏီဆိုင်ရာကဏ္ဍအတွက် ထိရောက်စွာ ပြုပြင်ပြောင်းလဲပေးမည့် ဥပဒေသစ်

အများပိုင်ကုမ္ပဏီများနှင့် မြန်မာပြည်

Myanmar Companies Act sent to parliament

**The Myanmar Companies Act – a pivotal piece of legislation that will reform how companies are regulated and allow foreign investors onto the Yangon Stock Exchange – was submitted to the Pyithu Hluttaw at the start this month, according to Directorate of Investment and Company Administration Director General U Aung Naing Oo.**

The new act was approved at a government cabinet meeting on January 5 and went to parliament the following day, he said at a press conference this week.

"If everything goes well the law will be out soon," he said.

The legislation will replace a colonial-era Myanmar Companies Act from 1914 that is replete with antique stipulations – companies have to seek presidential approval to change their names, and court approval to change business objectives.

In addition to simplifying requirements for small and family-owned businesses, improving corporate governance standards and removing outdated regulations, the act will also allow foreign investors to hold shares in Myanmar firms. The authorities hope this will make it easier for local companies to attract international funding and expertise.

Nor will the new legislation automatically treat companies with a degree of foreign ownership differently. The act's latest draft no longer defines any company in which foreigner holds shares as a foreign-owned company. U Aung Naing Oo said foreign-owned companies will be defined as those where foreign ownership exceeds 35 percent, but that the Ministry of Finance and Planning can change this ratio as the economy develops.

This will also allow foreigners to buy shares on the Yangon Stock Exchange for the first time; something many people think will be beneficial for the new bourse.

"Myanmar's stock market is still very young," said U Ye Min Aung, managing director of Myanmar Agribusiness Public Corporation (MAPCO), which plans to list on the YSX this year. "Trading is only made by the domestic market, and in order to boost trading it is necessary to allow foreigners with higher purchasing power to trade."

*Translation by Zaw Nyunt*


စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ
ညွှန်ကြားမှုဦးစီးဌာနမှ
ပုံနှိပ် ထုတ်ဝေသည်။



အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်
www.dica.gov.mm
Email: dica.ip.mm@gmail.com, dica@mptmail.net.mm